မှတ်ပုံတင်အမှတ် – ၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၂ ] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက် (၂၀၂၁ ခုနှစ်၊ မေလ ၂၈ ရက်) } သောကြာနေ့ [ အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၁၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

**တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်–

(၁) ဒေါ်စုစုဝင်း — စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်

(၂) ဒေါ်အေးအေးသန်း — တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၁၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်–

(၁) ဦးအေးထွန်း

(၂) ဦးထွန်းအုံ

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၁၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်)

## ပြည်ထောင်စုဝန်ကြီးဌာနပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအား အောက်ပါဝန်ကြီးဌာနများအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(၁) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၂) စက်မှုဝန်ကြီးဌာန

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၁၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်)

## ဒုတိယဝန်ကြီးပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကိုကိုလွင် အား စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၉၇/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၄ ရက်)

## e – Government ဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် e – Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် **e – Government ဦးဆောင်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်း လိုက်သည်-

(က) ဥက္ကဋ္ဌ နာယက
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

| | | |
|---|---|---|
| (ခ) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၂) |
| (င) | ပြည်ထောင်စုဝန်ကြီးများအားလုံး<br>(ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနနှင့်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မပါ) | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဇ) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ည) | ဥက္ကဋ္ဌ<br>တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအားလုံး | အဖွဲ့ဝင် |
| (ဋ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဌ) | နာယက<br>မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ e – Government ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) e–Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သော မူဝါဒများ ချမှတ်လမ်းညွှန်ခြင်း၊

(ခ) e–Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီက တင်ပြသည့် စီမံကိန်းများနှင့် ဘဏ္ဍာငွေများ စိစစ်အတည်ပြုခြင်း၊

(ဂ) e–Government စနစ်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် အဖွဲ့အစည်းများ ဖွဲ့စည်းရေးအပေါ် လမ်းညွှန်ခြင်း၊

(ဃ) e–Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်လျက်ရှိသော နိုင်ငံများ၏ အတွေ့အကြုံကောင်းများကို အခြေခံ၍ မြန်မာနိုင်ငံတွင် ဦးစားပေးဆောင်ရွက်သင့်သော e–Government လုပ်ငန်းစဉ်များအပေါ် လမ်းညွှန်မှုပေးခြင်း၊

(င) e–Government Master Plan ပါ လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လမ်းညွှန်မှုများ ချမှတ်ပေးခြင်း။

၃။ ဦးဆောင်ကော်မတီသည် ကော်မတီအစည်းအဝေးများကျင်းပရာတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်တွင်း ပြည်ပမှ ပညာရှင်များကို လိုအပ်သလို ဖိတ်ကြားနိုင်သည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် (၉၈/၂၀၂၁)**
၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၄ ရက်)

**e – Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် e – Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **e – Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဇ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဖ) | အဖွဲ့ဝင်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (ဗ) | အဖွဲ့ဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဘ) | အဖွဲ့ဝင်<br>တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (မ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |

(ယ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ရ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(လ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဝ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(သ) နာယက အဖွဲ့ဝင်
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(ဟ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

၂။ e – Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အမျိုးသား e–Government ဦးဆောင်ကော်မတီမှ ချမှတ်သည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ e–Government စနစ်ကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကွပ်ကဲကြပ်မတ်ခြင်း၊

(ခ) လုပ်ငန်းစီမံကိန်းများကို ဦးစားပေးအစီအစဉ် သတ်မှတ်ရေးဆွဲ၍ လိုအပ်သောဘဏ္ဍာငွေလျာထားချက်များနှင့်အတူ ဦးဆောင်ကော်မတီသို့ တင်ပြခြင်း၊

(ဂ) သတင်းအချက်အလက်လုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေးအစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) e–Government ဝန်ဆောင်မှုများအား သုံးစွဲသူများမှ လွယ်ကူစွာနှင့် အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) e–Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သည့် ICT အခြေခံအဆောက်အဦနှင့် အခြားအထောက်အကူပြု အစီအမံများ ပိုမိုပြည့်စုံလာစေရန် ဦးဆောင်စီမံခြင်း။

၃။ လုပ်ငန်းကော်မတီသည် ကဏ္ဍအလိုက် လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၂၃-၁-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၈၊ ၃၀-၁-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၉၊ ၅-၃-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၉ နှင့် ၄-၁-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၀ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၉၉/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၆ ရက်)

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံ၏ တရားမဝင်ကုန်သွယ်မှုများကြောင့် ကမ္ဘာလုံးဆိုင်ရာ တရားမဝင်ကုန်သွယ်မှုအခြေအနေ ညွှန်းကိန်းမြင့်တက်လာမှုနှင့်စပ်လျဉ်း၍ နိုင်ငံအဆင့်၌ ဌာနအချင်းချင်းအကြား ပူးပေါင်းမှုမြှင့်တင်ရန်အတွက် **တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာနနှင့်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အဖွဲ့ဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဈ) | အဖွဲ့ဝင်<br>တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဍ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဗ) | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |

(မ) ဥက္ကဋ္ဌ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် — အဖွဲ့ဝင်

(ယ) ဥက္ကဋ္ဌ က တာဝန်ပေးအပ်သူ — အတွင်းရေးမှူး

၂။ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာနှင့် မူဝါဒများ ချမှတ်လမ်းညွှန်ခြင်း၊

(ခ) တိုင်းဒေသကြီး/ပြည်နယ်များတွင် ဒေသနှင့်သင့်လျော်သော နည်းဗျူဟာများချမှတ်စေ၍ ဟန်ချက်ညီစွာ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်ရန် လမ်းညွှန်ပေးခြင်း၊

(ဂ) Free Trade Zones (FTZs) များနှင့် အထူးစီးပွားရေးဇုန်များကို အသုံးချ၍ တရားမဝင်ကုန်သွယ်မှုများ မပြုလုပ်နိုင်ရန် ထိရောက်သည့်နည်းလမ်းများ ချမှတ်ကာကွယ်ခြင်း၊

(ဃ) ပြည်တွင်းထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ကာကွယ်ရန်နှင့် လုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းစေရန်အတွက် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်ခြင်း၊

(င) ကုန်သွယ်မှုလုပ်ငန်းများအတွက် ပေးဆောင်ရမည့် အခွန်အမျိုးအစားများကို ပိုမိုရှင်းလင်းလွယ်ကူစွာ သိရှိနိုင်ရန်၊ အခွန်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပိုမိုရှင်းလင်းအောင်ပြုပြင်ခြင်းနှင့် လုပ်ငန်းရှင်များအား အကောက်ခွန်လုပ်ထုံးလုပ်နည်းများ အပါအဝင် အခွန်ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) တရားမဝင်ကုန်သွယ်မှုကို အခြေခံသော အကျင့်ပျက်မှုများဖြစ်စေသည့် “အခွင့်အလမ်းများ” ကို ထိရောက်စွာတားမြစ်နိုင်ရန် ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် ဌာနများ၏ လုပ်ထုံးလုပ်နည်းများ၊ စာရွက်စာတမ်းများ ဖြေလျှော့ခြင်း၊ e-Government စနစ် ကျင့်သုံးစေခြင်း၊

(ဆ) တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် လိုအပ်ပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်နိုင်ရေးဆောင်ရွက်ခြင်း၊ ဥပဒေအသစ်များရေးဆွဲခြင်း၊

(ဇ) တရားမဝင်ကုန်စည်များ၏ အန္တရာယ်နှင့် တရားမဝင်ကုန်သွယ်မှု၏ နိုင်ငံအပေါ်ထိခိုက်မှုများကို အများပြည်သူသိရှိနားလည်အောင် အသိပညာပေးခြင်း၊

(ဈ) အခြားနိုင်ငံများနှင့်အတူ ပူးတွဲစုံစမ်းရေးအဖွဲ့များ (Joint Investigation Teams-JITs) ထူထောင်နိုင်ရေး သက်ဆိုင်သော အမိကအစိုးရအဖွဲ့အစည်းအဝေးများအကြား မိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) ပြည်ပပို့ကုန်/သွင်းကုန် ဝင်ပေါက်ထွက်ပေါက်များတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှန်ကန်ရေး၊ လွယ်ကူချောမွေ့လျင်မြန်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဋ) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဈေးကွက်တွင် မျှတစွာ ယှဉ်ပြိုင်ရပ်တည်နိုင်ရန်နှင့် စားသုံးသူများ အကာအကွယ်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွဲ့စည်းထားသည့် တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်စေခြင်း၊

(ဌ) တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်မှုတွင် ဆုပေး၊ ဒဏ်ပေးစနစ်ကို ထိရောက်စွာ ကျင့်သုံးခြင်း၊

(ဍ) တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ မဟာဗျူဟာနှင့် လမ်းညွှန်ချက်များအပေါ် လုပ်ငန်းစီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်း၊ လေ့လာစောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အစီရင်ခံခြင်းများကို ဆောင်ရွက်နိုင်ရန် အမြဲတမ်းရုံးအဖွဲ့တစ်ရပ် ဖွဲ့စည်းထားရှိ ဆောင်ရွက်ခြင်း၊ ယင်းရုံးအဖွဲ့တွင် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များ အချိန်ပြည့်ပူးပေါင်း ပါဝင် ဆောင်ရွက်စေခြင်း။

၃။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အား ယင်းကော်မတီ၏ တာဝန်ခံဝန်ကြီးဌာန (Focal Ministry) အဖြစ် သတ်မှတ်တာဝန်ပေးအပ်လိုက်သည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၉/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၀၀/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၆ ရက်)

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား သတ်မှတ်ထားသော ဘွဲ့များ၊ တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်နိုင်ရန် **ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဥက္ကဋ္ဌ — နာယက
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

(ခ) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာနနှင့်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ဂ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဃ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(င) ပြည်ထောင်စုရှေ့နေချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(စ) တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် — အဖွဲ့ဝင်
တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး

(ဆ)　တွဲဖက်စစ်ရေးချုပ်　အဖွဲ့ဝင်
စစ်ရေးချုပ်ရုံး

(ဇ)　ဒုတိယဝန်ကြီး　အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ဈ)　ညွှန်ကြားရေးမှူးချုပ်　တွဲဖက်အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

၂။　ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က)　ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့သည် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ အရည်အချင်းအလိုက် ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့် သတ်မှတ်ထားသော ဘွဲ့များ၊ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ တံဆိပ်များအား ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် စိစစ်ရမည်။

(ခ)　သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို သံဃာတော်များ၊ သီလရှင်များအား ဆက်ကပ်လှူဒါန်းခြင်းနှင့် လူပုဂ္ဂိုလ်များအား သာသနာပြုဘွဲ့၊ သာသနာ့နုဂ္ဂဟဘွဲ့များ ချီးမြှင့်အပ်နှင်းရန် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်၊ အခန်း(၁၃) နှင့်အညီ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် စိစစ်ရမည်။

(ဂ)　နိုင်ငံခြားခေါင်းဆောင်များ၊ နိုင်ငံခြားသံတမန်များနှင့် ပုဂ္ဂိုလ်များအား ထိုက်သင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့ သို့မဟုတ် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသင့်ကြောင်းတွေ့ရှိပါက သင့်လျော်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

(ဃ)　ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသင့်ကြောင်း အဆင့်ဆင့်ထောက်ခံတင်ပြခြင်း မရှိစေကာမူ အထူးထိုက်သင့်သောကိစ္စရပ်များအတွက် ပုဂ္ဂိုလ်တစ်ဦးဦးအား ဂုဏ်ထူးဆောင်ဘွဲ့ သို့မဟုတ် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသင့်ကြောင်းတွေ့ရှိပါက သင့်လျော်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

(င)　ပြည်ပကျူးကျော်မှုများနှင့် ပြည်တွင်းအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးပျက်ပြားသည့် အခြေအနေတစ်ရပ်ရပ်အရ တိုက်ပွဲဝင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့်ကိစ္စများကို အခါအားလျော်စွာ အထူးအမိန့်ပြန်တမ်းထုတ်ပြန်လျက်ပြဋ္ဌာန်းနိုင်ရေးအတွက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

(စ)　အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏အစီအစဉ်ဖြင့် ဆုတံဆိပ်၊ ဆုလက်မှတ်စသည့် ဆုချီးမြှင့်ခြင်းများဆောင်ရွက်ရာတွင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ပါ ဂုဏ်ထူးဆောင်ဘွဲ့အမည်၊ ဂုဏ်ထူးဆောင်တံဆိပ်အမည်နှင့် ပုံသဏ္ဌာန်များအား အသုံးပြုခြင်း၊ တူညီခြင်းမရှိစေရန် စိစစ်ရမည်။

၃။　နိုင်ငံတော်သမ္မတရုံး၏ ၂၃-၄-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၁၉ နှင့် ၁၁-၆-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၁၉ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၆ ရက်)

**စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး အကဲဖြတ်စိစစ်ရွေးချယ်ရေး ပဏာမစိစစ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ စွမ်းဆောင်မှုဆိုင်ရာ တံဆိပ် (၁၂) မျိုး ချီးမြှင့်နိုင်ရေးနှင့်စပ်လျဉ်း၍ ပဏာမစိစစ်နိုင်ရေးအတွက် **စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး အကဲဖြတ်စိစစ်ရွေးချယ်ရေး ပဏာမစိစစ်ရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဃ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဏ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူမှုရေးနှင့် ယဉ်ကျေးမှုဌာနကြီး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

(ထ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ဒ) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

၂။ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး အကဲဖြတ်စိစစ်ရွေးချယ်ရေး ပဏာမစိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရွေးချယ်အဆိုပြုထားသောဂုဏ်ထူးဆောင်တံဆိပ်များကိုချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် "ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့" သို့ စိစစ်တင်ပြရန်၊

(ခ) ချီးမြှင့်သင့်၊ ချီးမြှင့်ထိုက်သူများကို ရွေးချယ်တင်ပြရာတွင် လုပ်ထုံးလုပ်နည်းပါ စိစစ်ချက်များနှင့်အညီ စိစစ်တင်ပြရန်၊

(ဂ) အထူးချီးမြှင့်သင့်၊ ချီးမြှင့်ထိုက်သောကိစ္စရပ်များအတွက် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်သင့်ကြောင်းတွေ့ရှိပါက အဆိုပါပုဂ္ဂိုလ်နှင့်သင့်လျော်သည့် စွမ်းဆောင်မှုဆိုင်ရာ တံဆိပ်တစ်ခုခုကို ချီးမြှင့်အပ်နှင်းရေးအတွက် စိစစ်တင်ပြရန်၊

(ဃ) လိုအပ်ပါက စိစစ်ဆောင်ရွက်နိုင်ရေးအတွက် သီးခြားအဖွဲ့ငယ်များ ဖွဲ့စည်းဆောင်ရွက်ရန်၊

(င) အဆိုပြုရွေးချယ်သည့်ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများ၊ ပြင်ပအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အဆိုပြုရွေးချယ်ခြင်းခံရသည့်ပုဂ္ဂိုလ်များအား လိုအပ်ပါက ဖိတ်ကြားမေးမြန်းရန်နှင့် လိုအပ်သောအထောက်အထားများ၊ မှတ်တမ်းများ၊ စာရွက်စာတမ်းများကို တောင်းခံရန်၊

(စ) စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး ချီးမြှင့်အပ်နှင်းရန်အတွက် "ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့" ၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်။

၃။ ပဏာမစိစစ်ရေးအဖွဲ့၏ ဆုတံဆိပ်ရွေးချယ်ရေးနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းများအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၂၃-၄-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၅/၂၀၁၉ နှင့် ၁၁-၆-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၁၉ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### အမိန့်ကြော်ငြာစာအမှတ် (၁၀၂/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၈ ရက်)

### ပိတ်ပင်တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသည့်ယာဉ်နှင့် တိရစ္ဆာန်များအား အရေးယူရန်ကိစ္စ

၁။ ပိတ်ပင်တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသည့် ယာဉ်နှင့် တိရစ္ဆာန်များအား ဖမ်းဆီးရမိပါက စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ ဖြင့် ထုတ်ပြန်ထားသည့် ပိတ်ပင်တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသည့် ယာဉ်နှင့် တိရစ္ဆာန်များအား အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ၊ တိရစ္ဆာန်တို့နှင့်ပတ်သက်၍ လိုအပ်သော ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၂၀ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### အမိန့်ကြော်ငြာစာအမှတ် (၁၀၃/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ မိုးမိုးသွယ်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မူပိုင်ခွင့်ဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မူပိုင်ခွင့်ဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |

| | | |
|---|---|---|
| (၂) | ဒေါက်တာ မြတ်ညွန့်<br>ဒုတိယပါမောက္ခချုပ်<br>ကျိုင်းတုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>တောင်ငူတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာ တင်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (သင်ကြား)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်<br>ဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၀၅/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်)

### မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် အစားထိုးဖွဲ့စည်းခြင်း

၁။ **မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ** တွင် လစ်လပ်လျက်ရှိသော ကောင်စီဝင်များ အစားထိုးရွေးချယ်ခြင်းနှင့်ပတ်သက်၍ အောက်ဖော်ပြပါပုဂ္ဂိုလ် (၁၁) ဦးအား သတင်းမီဒီယာနည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (က) အရ အစားထိုးဖွဲ့စည်းလိုက်သည်–

(က) ဦးရဲနိုင်စိုး
(ခ) ဦးတင်မောင်ဦး
(ဂ) ဦးဌေးအောင်
(ဃ) ဒေါက်တာအေးမင်း
(င) ဦးမောင်မောင်မြင့်အေး
(စ) ဦးသက်နိုင်ဦး
(ဆ) ဒေါ်မြင့်မြင့်သိန်း
(ဇ) ဦးနေထွန်းဝင်း
(ဈ) ဦးအောင်ပြည့်စုံ
(ည) ဒေါ်ချိုအိဇင် (ခ) နွေဦးလင်း
(ဋ) ဦးတင်မောင်ထွေး

၂။ ယင်းပုဂ္ဂိုလ်တို့၏ ကောင်စီဝင်သက်တမ်းသည် နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ (က) ပါ အတိုင်း ဖြစ်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၆/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၇/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

**ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေး ဦးစီးကော်မတီ ဖွဲ့စည်းခြင်း**

၁။ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပုဂံ–ညောင်ဦး ကမ္ဘာ့အမွေအနှစ်ဒေသ၊ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများကို ရေရှည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် **ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေး ဦးစီးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) ဒုတိယဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ — ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဂ) ပြည်ထောင်စုဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ပြည်ထောင်စုဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(င) ပြည်ထောင်စုဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

(ဆ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

(ဇ) ပြည်ထောင်စုဝန်ကြီး — အတွင်းရေးမှူး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

၂။ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေး ဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ပြုပြင်ထိန်းသိမ်းရေးမူဝါဒ ချမှတ်ပေးရန်၊

(ခ) ကမ္ဘာ့အမွေအနှစ်ဒေသဖြစ်သည်နှင့်အညီ UNESCO ၏ ရှေးဟောင်းအမွေအနှစ်ပြုပြင်ထိန်းသိမ်းရေး ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ သတ်မှတ်ချက်များအား လိုက်နာနိုင်ရေး ဥပဒေ၊ နည်းဥပဒေတို့တွင် ထည့်သွင်း၍ စောင့်ကြည့်ကြပ်မတ်ရန်၊

(ဂ) နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ၊ အဖွဲ့အစည်းများအား ဖိတ်ခေါ်ဆွေးနွေး၍ မှန်ကန်သော ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ပေးရန်၊

(ဃ) ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်းရှိ ရှေးဟောင်းအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေး နည်းလမ်း၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ပေးရန်၊

(င) ရန်ပုံငွေ ရရှိမှု၊ သုံးစွဲမှု ကြီးကြပ်စစ်ဆေးရေး၊ သုံးစွဲရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများချမှတ်ပေးရန်၊

(စ) လိုအပ်သော လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းပေးရန်။

၃။ ဦးစီးကော်မတီသည် အောက်ပါလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ယှဉ်တွဲပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်–

| | | | |
|---|---|---|---|
| (က) | ရန်ပုံငွေစိစစ်သုံးစွဲရေး လုပ်ငန်းကော်မတီ | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| | | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ခ) | ပြင်ဆင်ပြုပြင်ထိန်းသိမ်း တည်ဆောက်ရေး လုပ်ငန်းကော်မတီ | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| | | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဂ) | လုပ်ငန်းနှင့်ငွေစာရင်း စစ်ဆေးရေးဆပ်ကော်မတီ | ဥက္ကဋ္ဌ<br>မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| | | မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အတွင်းရေးမှူး |

| | | |
|---|---|---|
| (ဃ) လုံခြုံရေးဆပ်ကော်မတီ | ရဲမှူးကြီး<br>တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>မန္တလေးတိုင်းဒေသကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| | ဒုတိယရဲမှူးကြီး<br>ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၄။ ဦးစီးကော်မတီသည် အထက်ပါလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၅။ ပုဂံ–ညောင်ဦး ကမ္ဘာ့အမွေအနှစ်ဒေသအတွင်းရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကဏ္ဍအလိုက်ဟန်ချက်ညီဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ဥက္ကဋ္ဌများသည် ဦးစီးကော်မတီ၏ ခွင့်ပြုချက်ဖြင့် သင့်လျော်သည့် ပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ် လိုအပ်သလို တိုးချဲ့ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၆။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

### ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်သက်ဆိုင်သည့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များ ပြန်လည်သုံးသပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်/အတည်ပြုမိန့် ရရှိပြီးသော လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက လိုင်စင်/ပါမစ်များ ဆက်လက်ခွင့်ပြုပေးရာတွင် သက်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေတို့အရ လိုအပ်သည့် စာရွက်စာတမ်းများကိုသာ တောင်းခံခြင်း၊ လိုင်စင်/ပါမစ်များကို အချိန်တိုအတွင်း ခွင့်ပြုပေးခြင်း၊ ခေတ်စနစ်အချိန်အခါအရ မလိုအပ်သည့် လိုင်စင်/ပါမစ်များကို ပယ်ဖျက်ခြင်းနှင့် ဒစ်ဂျစ်တယ်နည်းပညာကို တွင်ကျယ်စွာ အသုံးပြုခြင်းတို့ဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေပြီး ပြည်တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရန်ရည်ရွယ်၍ **ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်သက်ဆိုင်သည့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များ ပြန်လည်သုံးသပ်ရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |

(ခ) ဒုတိယအမြဲတမ်းအတွင်းဝန် ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဂ) ဒုတိယအမြဲတမ်းအတွင်းဝန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ဒုတိယအမြဲတမ်းအတွင်းဝန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန — အဖွဲ့ဝင်

(င) ဒုတိယအမြဲတမ်းအတွင်းဝန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) ဒုတိယအမြဲတမ်းအတွင်းဝန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) ဒုတိယအမြဲတမ်းအတွင်းဝန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဇ) ဒုတိယအမြဲတမ်းအတွင်းဝန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန — အဖွဲ့ဝင်

(ဈ) ဒုတိယအမြဲတမ်းအတွင်းဝန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ည) ဒုတိယအမြဲတမ်းအတွင်းဝန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန — အဖွဲ့ဝင်

(ဋ) ဒုတိယအမြဲတမ်းအတွင်းဝန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဌ) ဒုတိယအမြဲတမ်းအတွင်းဝန် ပြည်ထောင်စုရှေ့နေချုပ်ရုံး — အဖွဲ့ဝင်

(ဍ) ဒုတိယအမြဲတမ်းအတွင်းဝန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(ဎ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ရုံးအဖွဲ့မှူး) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(ဏ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ရုံးအဖွဲ့မှူး) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(တ) ဒုတိယညွှန်ကြားရေးမှူးချုပ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန — အတွင်းရေးမှူး

၂။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်သက်ဆိုင်သည့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များပြန်လည် သုံးသပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက စီမံခန့်ခွဲဆောင်ရွက်သည့် ဥပဒေ၊ နည်းဥပဒေများကို မဖြစ်မနေ ရယူရန်လိုအပ်သည့် လိုင်စင်/ ပါမစ် အမျိုးအစား(ဖြေလျှော့ပေးပါက နိုင်ငံအတွက်၊ လုပ်ငန်းကဏ္ဍအတွက် Risk ရှိသည့် လိုင်စင် / ပါမစ်အမျိုးအစား) များကို သုံးသပ်စိစစ်တင်ပြခြင်း၊

( ခ ) ဥပဒေ၊ နည်းဥပဒေတို့အရ လိုင်စင်/ပါမစ် ရယူရန် လိုအပ်သော်လည်း ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်၊ အတည်ပြုမိန့်နှင့်အတူသော်လည်းကောင်း၊ လုပ်ငန်းသဘောသဘာဝအရ တူညီသည့်အခြားသော လိုင်စင်/ ပါမစ်တို့နှင့်ပေါင်း၍သော်လည်းကောင်း ရင်းနှီးမြှုပ်နှံသူထံ တစ်ပေါင်းတည်း ပေးအပ်နိုင်ရန် ကြိုတင်စီစဉ်ဆောင်ရွက်နိုင်သည့် လိုင်စင်/ပါမစ် အမျိုးအစား (ဖြေလျှော့မှုအတွက် Low Risk သာရှိသည့် အမျိုးအစား) ကို သုံးသပ်စိစစ်တင်ပြခြင်း၊

( ဂ ) ဥပဒေ၊ နည်းဥပဒေများ၏ လိုအပ်ချက်အရ ထုတ်ပေးခြင်းမဟုတ်ဘဲ ဌာန၏ လုပ်ငန်းလိုအပ်ချက်အရ ထုတ်ပေးခြင်းဖြစ်ပြီး လက်ရှိအခြေအနေ အချိန်အခါအရ ပယ်ဖျက်သင့်သည့် လိုင်စင်/ပါမစ် အမျိုးအစားများကို သုံးသပ်စိစစ်တင်ပြခြင်း၊

(ဃ) လုပ်ငန်းသဘောသဘာဝအပေါ်မူတည်၍ Online ဖြင့် ထုတ်ပေးနိုင်သည့် လိုင်စင်/ ပါမစ်အမျိုးအစားများ Manual နှင့် Online တွဲ၍ ဆောင်ရွက်နိုင်သည့် အမျိုးအစားများကို စိစစ်တင်ပြခြင်း၊

( င ) Online စနစ်ဖြင့် ဆောင်ရွက်ရာတွင်လည်းကောင်း၊ Standard Operating Procedure (SOP) ရေးဆွဲဆောင်ရွက်ရာတွင်လည်းကောင်း လိုအပ်သည့်နည်းပညာ၊ အကူအညီအထောက်အပံ့များ ရယူဆောင်ရွက်နိုင်ရန် သုံးသပ်စိစစ်တင်ပြခြင်း။

၃။ အဖွဲ့၏ အစီရင်ခံစာအား စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုထောက်ခံတင်ပြချက်တို့နှင့်အတူ ၂၀၂၁ ခုနှစ်၊ မေလ ပထမပတ်ထက် နောက်မကျစေဘဲ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ တင်ပြရန်ဖြစ်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၀၉/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၅ ရက်)

## မြန်မာ–တရုတ် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မတီ ပြန်လည်ဖွဲ့စည်းခြင်း

၁။ မြန်မာ–တရုတ်နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများကို ကြီးကြပ်ညှိနှိုင်းဆောင်ရွက်ရန် မြန်မာ–တရုတ်စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မတီကို အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းလိုက်သည်–

(က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

( ခ ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

| | | |
|---|---|---|
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့မီးရထား<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(တ) ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် — အဖွဲ့ဝင်

(ထ) အမြဲတမ်းအတွင်းဝန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန — အတွင်းရေးမှူး

( ဒ ) ညွှန်ကြားရေးမှူးချုပ် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

၂။ မြန်မာ–တရုတ် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြန်မာ–တရုတ်နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် အဓိကကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကို ညှိနှိုင်းစီမံဆောင်ရွက်ရန်၊

( ခ ) မြန်မာ–တရုတ်နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရန်၊ ဦးစားပေးကဏ္ဍများဆွေးနွေးညှိနှိုင်းရန်နှင့် နှစ်ဖက်အကျိုးရှိမည့်နယ်ပယ်သစ်များ ညှိနှိုင်းရှာဖွေရန်၊

( ဂ ) ပူးပေါင်းဆောင်ရွက်မှုကဏ္ဍအသီးသီးတွင် တိုးတက်မှုအခြေအနေများကို ပုံမှန်အကဲဖြတ်ဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများအား ဆွေးနွေးညှိနှိုင်းရန်၊

(ဃ) နှစ်နိုင်ငံအကြား ကာလတိုနှင့် နှစ်စဉ်ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များ ရွေးချယ်သတ်မှတ်ရန်နှင့် လုပ်ငန်းစဉ်များရေးဆွဲရန်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၇/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၁၁/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

### ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၀/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ** တွင် အဖွဲ့ဝင် တပ်မတော်၏ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီ **အစား** အဖွဲ့ဝင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီမှ ကိုယ်စားလှယ်တစ်ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် (၁/ ၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်)

### မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများနှင့် တွဲဖက်အတွင်းရေးမှူး တာဝန်ပေးအပ်ခြင်း

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်သည် စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၅ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်၏ ဒုတိယဥက္ကဋ္ဌများနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး၊ ဝန်ကြီးဌာန | ပေးအပ်မည့်တာဝန် |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (၂) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (၃) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

ဒေါက်တာပွင့်ဆန်း

ဥက္ကဋ္ဌ

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်)

### ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ကချင်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေပုဒ်မ (၆) အရ **ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ကချင်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူ ကောင်စီဝင်တစ်ဦး — ဥက္ကဋ္ဌ

(ခ) ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဂ) ကချင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဃ) ကချင်ပြည်နယ် သာသနာရေးမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(င) ကချင်ပြည်နယ် ပညာရေးမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(စ) ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဆ) ကချင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဇ) သင့်လျော်သော စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်

(ဈ) ပြည်နယ်ဦးစီးမှူး ကချင်ပြည်နယ်လူမှုဝန်ထမ်းရုံး — အတွင်းရေးမှူး

၂။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ကချင်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများပါ မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ် အစီရင်ခံစာ တင်ပြရမည်။

၃။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ မေလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၃/၂၀၁၇ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)

## ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ကယားပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေပုဒ်မ (၆) အရ **ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ကယားပြည်နယ်ကြီးကြပ်ရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူ ကောင်စီဝင်တစ်ဦး — ဥက္ကဋ္ဌ

(ခ) ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဂ) ကယားပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဃ) ကယားပြည်နယ် သာသနာရေးမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(င) ကယားပြည်နယ် ပညာရေးမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(စ) ကယားပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဆ) ကယားပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဇ) သင့်လျော်သော စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်

(ဈ) ပြည်နယ်ဦးစီးမှူး ကယားပြည်နယ်လူမှုဝန်ထမ်းရုံး — အတွင်းရေးမှူး

၂။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ကယားပြည်နယ်ကြီးကြပ်ရေး အဖွဲ့သည် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများပါ မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ် အစီရင်ခံစာ တင်ပြရမည်။

၃။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ မေလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၄/၂၀၁၇ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၁)

## ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ကရင်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန်အတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဥပဒေပုဒ်မ (၆) အရ **ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ကရင်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူ ကောင်စီဝင်တစ်ဦး — ဥက္ကဋ္ဌ

(ခ) ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဂ) ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဃ) ကရင်ပြည်နယ် သာသနာရေးမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(င) ကရင်ပြည်နယ် ပညာရေးမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(စ) ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဆ) ကရင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဇ) သင့်လျော်သော စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်

(ဈ) ပြည်နယ်ဦးစီးမှူး ကရင်ပြည်နယ်လူမှုဝန်ထမ်းရုံး — အတွင်းရေးမှူး

၂။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ကရင်ပြည်နယ်ကြီးကြပ်ရေး အဖွဲ့သည် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများပါ မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အနည်းဆုံးတစ်နှစ်လျှင် တစ်ကြိမ် အစီရင်ခံစာတင်ပြရမည်။

၃။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ မေလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၅/၂၀၁၇ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁)

## ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ချင်းပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန်အတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဥပဒေပုဒ်မ (၆) အရ **ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ချင်းပြည်နယ် ကြီးကြပ်ရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူ ကောင်စီဝင်တစ်ဦး — ဥက္ကဋ္ဌ

(ခ) ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဂ) ချင်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဃ) ချင်းပြည်နယ် သာသနာရေးမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(င) ချင်းပြည်နယ် ပညာရေးမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(စ) ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဆ) ချင်းပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဇ) သင့်လျော်သော စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်

(ဈ) ပြည်နယ်ဦးစီးမှူး ချင်းပြည်နယ်လူမှုဝန်ထမ်းရုံး — အတွင်းရေးမှူး

၂။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ချင်းပြည်နယ် ကြီးကြပ်ရေးအဖွဲ့သည် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများပါ မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အနည်းဆုံးတစ်နှစ်လျှင် တစ်ကြိမ် အစီရင်ခံစာတင်ပြရမည်။

၃။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ မေလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၆/၂၀၁၇ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၁)

## ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဥပဒေပုဒ်မ (၆) အရ **ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူ ကောင်စီဝင်တစ်ဦး — ဥက္ကဋ္ဌ

(ခ) စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဂ) စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဃ) စစ်ကိုင်းတိုင်းဒေသကြီး သာသနာရေးမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(င) စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(စ) စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဆ) စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဇ) သင့်လျော်သော စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်

(ဈ) တိုင်းဒေသကြီးဦးစီးမှူး စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး — အတွင်းရေးမှူး

၂။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့သည် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများပါ မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ် အစီရင်ခံစာတင်ပြရမည်။

၃။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ မေလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၇ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၁)

## ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း တနင်္သာရီတိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင် ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဥပဒေ ပုဒ်မ (၆) အရ **ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း တနင်္သာရီတိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူ ကောင်စီဝင်တစ်ဦး — ဥက္ကဋ္ဌ

(ခ) တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဂ) တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဃ) တနင်္သာရီတိုင်းဒေသကြီး သာသနာရေးမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

( င ) တနင်္သာရီတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

( စ ) တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဆ) တနင်္သာရီတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

( ဇ ) သင့်လျော်သော စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်

(ဈ) တိုင်းဒေသကြီးဦးစီးမှူး တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး — အတွင်းရေးမှူး

၂။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း တနင်္သာရီတိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့သည် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများပါ မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ် အစီရင်ခံစာတင်ပြရမည်။

၃။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ မေလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၇ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာသက်သက်ခိုင်
ဥက္ကဋ္ဌ
ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း
ဗဟိုကြီးကြပ်ရေးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၆၉/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်)

၁။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့၊ ဝါတိုးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် [၅၉/သီလဝ (၃)]၊ ဦးပိုင်အမှတ် (၂၇၉၊၂၈၀၊၂၈၁၊ ၂၈၂၊ ၂၈၃၊ ၂၈၄၊ ၂၈၅၊ ၂၈၆၊ ၂၈၇၊ ၂၈၈က)၊ **မြေဧရိယာ ၁.၀၃ ဧက** ရှိ မြေအား တိုင်းရင်းဆေးပညာဦးစီးဌာန၊ **၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံနှင့် ဝန်ထမ်းအိမ်ရာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်ပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၇၀/၂၀၂၁)

၁။ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ မံပုံကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၇၅/ပင်မိုးညှင်းရွာမ)၊ ဦးပိုင်အမှတ် (၃၃၃) ရှိ **မြေဧရိယာ ၁.၀၁ ဧက** အား နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ **မိုးမောက်မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် ဝန်ထမ်းအိမ်ရာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **နယ်စပ်ရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **နယ်စပ်ရေးရာဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၇ ရက်)

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆–ခ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ကမ္ဘာနှင့်အဝှမ်းဖြစ်ပေါ်လျက်ရှိသော Coronavirus Disease 2019 (COVID–19) ကြောင့် စီးပွားရေး လုပ်ငန်းများ ထိခိုက်မှုလျော့နည်းသက်သာစေရေးအတွက် ပို့ကုန်တင်ပို့မှုအပေါ် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကောက်ခံခြင်းအား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ကြေညာချက်များ၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ ကာလအတွက် ကင်းလွတ်ခွင့် ပြုခြင်းနှင့် ကင်းလွတ်ခွင့်အား သက်တမ်းတိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

၃။ ယခုအခါ Coronavirus Disease 2019 (COVID–19) ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှု လျော့နည်းသက်သာစေရေးကို ဆက်လက်ဆောင်ရွက်ပေးရန် လိုအပ်နေဆဲဖြစ်ပါသဖြင့် ပို့ကုန်တင်ပို့မှုအပေါ် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကောက်ခံခြင်းအား ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်အထိ ကာလတိုးမြှင့်၍ ကင်းလွတ်ခွင့်ပြုလိုက်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**အမိန့်အမှတ် (၂/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြန်ကြားရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်-

**တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်**

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤအမိန့်ကို **တေးသံသွင်းလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့်** ဟု ခေါ်တွင်စေရမည်။

၂။ ဤအမိန့်တွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တေးသံသွင်းလုပ်ငန်း** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းအဖြစ် တိပ်ရီကော်ဒါ၊ ကက်ဆက်၊ ရေဒီယိုကက်ဆက်၊ စတူဒီယိုကက်ဆက်၊ အသံထွက်ပေါ်စေသည့် နည်းပညာတစ်ရပ်ရပ်ကို အသုံးပြုထားသည့် စက် စသည်တို့တွင် အသုံးပြုရန်အသံသွင်းခြင်း သို့မဟုတ် အသံသွင်းပေးခြင်း၊ နည်းပညာအရ အသံထွက်ပေါ်စေသည့်ပစ္စည်းများကို ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းလုပ်ကိုင်သောလုပ်ငန်းကို ဆိုသည်။

(ခ) **ဦးစီးဌာန** ဆိုသည်မှာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို ဆိုသည်။

(ဂ) **ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ** ဆိုသည်မှာ တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် တာဝန်ပေးထားသော ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲကို ဆိုသည်။

(ဃ) **လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤအမိန့်အရ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲကထုတ်ပေးသော တေးသံသွင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

**အခန်း(၂)**

**လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့် အသစ်လဲလှယ်ခြင်း**

၃။ အောက်ဖော်ပြပါ တေးသံသွင်းလုပ်ငန်းတစ်ခုခုကို စီးပွားရေးအလို့ငှာ လုပ်ကိုင်လိုသူသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းဖြစ်ပါက ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့လည်းကောင်း၊ အခြားတိုင်းဒေသကြီး၊ ပြည်နယ်အတွင်းဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှတစ်ဆင့် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့လည်းကောင်း လုပ်ငန်းအမျိုးအစားတစ်ခုချင်းစီအတွက် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်-

(က) တေးသီချင်းထုတ်လုပ်ခြင်း၊

(ခ) တေးသီချင်းဖြန့်ချီခြင်း၊

(ဂ) တေးသီချင်းကူးယူခြင်း၊

(ဃ) တေးသီချင်းခွေရောင်းချခြင်း၊

(င) တေးသံသွင်းခြင်း။

၄။ တေးသံသွင်းလုပ်ငန်းလုပ်ကိုင်လိုသူ မည်သူမဆို လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ကို ပုံစံ(က-၁) ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းဖြစ်ပါက ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့လည်းကောင်း၊ အခြားတိုင်းဒေသကြီး၊ ပြည်နယ်အတွင်းဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ရုံးများမှတစ်ဆင့် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့လည်းကောင်း လျှောက်ထားရမည်။ ထိုလျှောက်လွှာတွင် တစ်ရာကျပ်တန် ရုံးခွန်တော် တံဆိပ်ခေါင်းပါရှိရမည်။

၅။ လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) အသက် ၁၈ နှစ် ပြည့်ပြီးသူဖြစ်ရမည်၊

( ဂ ) တေးသံသွင်းလုပ်ငန်းအတွက် အသုံးပြုမည့် အသံသွင်းစက်၊ အသံကူးစက်နှင့် အသံတစ်ဆင့်ဖွင့်နိုင်သော အားသုံးစက်ကိရိယာစသည်တို့ကို လက်ဝယ်ထားရှိနိုင်ရန်အတွက် လိုအပ်သော ခွင့်ပြုချက်ရရှိပြီးသူ ဖြစ်ရမည်။

၆။ လျှောက်ထားသူသည် လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်လျှောက်လွှာအား အောက်ပါအချက်များနှင့် အတူ ပူးတွဲလျှောက်ထားရမည်-

(က) တေးသံသွင်းလုပ်ငန်းလုပ်ကိုင်မည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ သဘောထား မှတ်ချက်၊

( ခ ) သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့မှူး၏ သဘောထားမှတ်ချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်၊

( ဂ ) လုပ်ငန်းသုံးပစ္စည်းများအတွက် တရားဝင်လွှဲပြောင်း လက်ခံရယူထားကြောင်း အထောက်အထား မိတ္တူများ။

၇။ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနတို့သည် အပိုဒ် ၅ နှင့် အပိုဒ် ၆ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ လျှောက်လွှာကို စိစစ်ရမည်။

၈။ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနတို့သည် လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန်အတွက် မှတ်ပုံတင်ကြေးအဖြစ် ငွေကျပ် ၅၀၀၀ (ကျပ်ငါးထောင်တိတိ) ကို ကောက်ခံပြီး ဦးစီးဌာန၊ ငွေစာရင်းအမှတ်ခေါင်းစဉ်သို့ ပေးသွင်း ရမည်။

၉။ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် လျှောက်ထားသူမှ မှတ်ပုံတင်ကြေးပေးသွင်းပြီးကြောင်း ထောက်ခံချက်ကို ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့ ပေးပို့ရမည်။ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ ပုံစံ(ခ)ဖြင့် လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ကို (၇) ရက်အတွင်း (ရုံးပိတ်ရက်များမပါ) ထုတ်ပေးရမည်။

၁၀။ လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်၏ သက်တမ်းကုန်ဆုံးရက်သည် စတင်ခွင့်ပြုပေးသည့် နေ့မှစ၍ တစ်နှစ်ဖြစ်သည်။

၁၁။ လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရရှိသူသည် တေးသံသွင်းလုပ်ငန်းကို သက်တမ်းတိုးမြှင့်လိုလျှင် ရန်ကုန်တိုင်းဒေသကြီးအတွင်းဖြစ်ပါက ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့လည်းကောင်း၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များအတွင်းဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများမှတစ်ဆင့် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့လည်းကောင်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် သက်တမ်းမကုန်ဆုံးမီရက်ပေါင်း (၃၀) ကြိုတင်၍ ပုံစံ(က-၂) ဖြင့် လျှောက်ထားရမည်။

၁၂။ လျှောက်ထားသူက လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန်အတွက် မှတ်ပုံတင်ကြေးအဖြစ် ၅၀၀၀ိ/- (ကျပ် ငါးထောင် တိတိ) ကို အထက်အပိုဒ် (၇) တွင် ဖော်ပြထားသည့် နည်းအတိုင်း ပေးသွင်းပါက ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသည် ပုံစံ (ခ) ဖြင့် လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၁၃။ လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ရန် သတ်မှတ်ထားသောရက်ပေါင်း (၃၀) ကြိုတင် လျှောက်ထားရန် ပျက်ကွက်သည့်အပြင် လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးသည့်နောက်မှ လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ရန် လျှောက်ထားပါက သက်တမ်းကုန်ဆုံးသည့် ရက်မှစ၍ တစ်လလျှင် ဒဏ်ကြေးငွေ ၅၀၀ိ/- (ကျပ် ငါးရာ တိတိ) ကို ပေးဆောင်ရမည်။

## အခန်း(၃)
## စည်းကမ်းချက်များ

၁၄။ မည်သူမျှ ဤအမိန့်အရ ထုတ်ပေးထားသော လုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်မရှိဘဲ တေးသံသွင်း လုပ်ငန်းကို မလုပ်ကိုင်ရ။

၁၅။ လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရရှိသူသည် မိမိ၏တေးသံသွင်းလုပ်ငန်းမှ အသံသွင်း၍ ဖြန့်ချိသော ကက်ဆက်ခွေနှင့်တိပ်ခွေများ၊ နည်းပညာအရ အသံထွက်ပေါ်စေသောပစ္စည်းများပေါ်တွင် လုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်အမှတ်ကို ထင်ရှားစွာဖော်ပြရမည်။

၁၆။ လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရရှိသူသည် အောက်ပါ တေးဂီတ၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အသံသွင်းဇာတ်၊ ဟောပြောပို့ချချက်တစ်ခုခုကို ကြိုးခွေများနှင့် နည်းပညာအရ အသံထွက်ပေါ်စေသည့် ပစ္စည်းများတွင် အသံသွင်းခြင်းမပြုရ-

(က) နိုင်ငံတော်၏ မူဝါဒများကိုဖြစ်စေ၊ နိုင်ငံတော်၏ အဖွဲ့အစည်းများကိုဖြစ်စေ၊ အပြုသဘောမဟုတ်ဘဲ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပုတ်ခတ်သည့် ပြက်လုံးများ သို့မဟုတ် ရယ်ရွှင်ဖွယ်ရာ ဟာသများပါဝင်သည့် တေးဂီတ၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အသံသွင်းဇာတ်၊ ဟောပြောပို့ချချက်၊

( ခ ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေမည့် တေးဂီတ၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အသံသွင်းဇာတ်၊ ဟောပြောပို့ချချက်၊

( ဂ ) ဘာသာရေး၊ သာသနာရေး သို့မဟုတ် လူမျိုးရေးနှင့်စပ်လျဉ်း၍ စိတ်ဝမ်းကွဲပြားစေရန် လှုံ့ဆော်ပေးသော တေးဂီတ၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အသံသွင်းဇာတ်၊ ဟောပြောပို့ချချက်၊

(ဃ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်ဝပ်ပိပြားရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ထိခိုက်စေမည့် တေးဂီတ၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အသံသွင်းဇာတ်၊ ဟောပြောပို့ချချက်၊

( င ) ညစ်ညမ်းသော၊ ရက်စက်ကြမ်းကြုတ်သော သို့မဟုတ် ပြစ်မှုကျူးလွန်ရန် လှုံ့ဆော်သော တေးဂီတ၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အသံသွင်းဇာတ်၊ ဟောပြောပို့ချချက်၊

( စ ) ကလေးသူငယ်များ၏ စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် အကျင့်စာရိတ္တကို ပျက်ပြားစေရန် တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရေးသားစပ်ဆိုထားသော တေးဂီတ၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အသံသွင်းဇာတ်၊ ဟောပြောပို့ချချက်၊

(ဆ) ပုဂ္ဂိုလ်တစ်ဦးဦး ဂုဏ်သိက္ခာကို ထိပါးစေရန် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရေးသားစပ်ဆိုထားသော တေးဂီတ၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အသံသွင်းဇာတ်၊ ဟောပြောပို့ချချက်၊

( ဖ ) ပြည်တွင်းပြည်ပအဖွဲ့အစည်းများအတွက် နိုင်ငံရေး၊ သဘောတရားရေး၊ ပုဂ္ဂိုလ်ရေးများနှင့်ပတ်သက်၍ ဘက်လိုက်ဝါဒဖြန့်ချက်များပါဝင်သည့် တေးဂီတ၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အသံသွင်းဇာတ်၊ ဟောပြောပို့ချချက်။

၁၇။ လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရရှိသူသည် မိမိ၏လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်အား ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၏ ခွင့်ပြုချက်မရဘဲ အခြားသူတစ်ဦးဦးထံသို့ လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရ။

၁၈။ မည်သူမဆို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ ပြန်ကြားရေးဝန်ကြီးဌာနကဖြစ်စေ၊ ဦးစီးဌာနကဖြစ်စေ ထုတ်ပြန်ထားသောအမိန့် သို့မဟုတ် ညွှန်ကြားချက်များကို လိုက်နာရမည်။

၁၉။ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်ပါက တေးသံသွင်းလုပ်ငန်းလိုင်စင်ပျက်ပြယ်သည်-

(က) လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးခြင်း၊

( ခ ) လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရုပ်သိမ်းခံရခြင်း၊

( ဂ ) လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရရှိသူကပြန်လည်အပ်နှံခြင်း။

၂၀။ လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရရှိသူသည် အပိုဒ် (၁၆) တွင် ဖော်ပြပါရှိသော တေးဂီတ၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အသံသွင်းဇာတ်၊ ဟောပြောပို့ချချက် တစ်ခုခုအသံသွင်းထားသော ကြိုးခွေ၊ စီဒီ၊ ဒီဗွီဒီများကို ရောင်းချခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ဖွင့်ပြခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်း၊ ကူးယူခြင်း မပြုရ။

## အခန်း(၄)
## ကြီးကြပ်ခြင်း၊ အရေးယူခြင်း၊ ပြစ်ဒဏ်ပေးခြင်း

၂၁။ ပြန်ကြားရေးဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက ဖွဲ့စည်းပေးသောအဖွဲ့ဖြင့် တေးသံသွင်းလုပ်ငန်းကို ဝင်ရောက်စစ်ဆေးနိုင်သည်။

၂၂။ လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရရှိသူသည် ဤအမိန့်အခန်း ၃ ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ထင်ရှားလျှင် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအခန်း ၄ ပါ ပြစ်မှုနှင့် ပြစ်ဒဏ်များအရ တရားစွဲဆိုနိုင်ရေးအတွက် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲက ဦးစီးဌာနသို့ တင်ပြရမည်။

၂၃။ (က) ဦးစီးဌာနသည် စည်းကမ်းဖောက်ဖျက်သူ၏ ကျူးလွန်မှုပေါ်မူတည်၍ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ တရားစွဲဆိုခြင်း သို့မဟုတ် လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ကို ရုပ်သိမ်းခြင်းများ ဆောင်ရွက်ရမည်။

( ခ ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများသည် စည်းကမ်းဖောက်ဖျက်သူအား ဦးစီးဌာန၏ ဆုံးဖြတ်ချက်အတိုင်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရုပ်သိမ်းခြင်း သို့မဟုတ် တရားစွဲဆိုခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။

## အခန်း(၅)
## အထွေထွေ

၂၄။ လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် သက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်စုံတစ်ရာကြောင့် တေးသံသွင်းလုပ်ငန်းကို ရပ်ဆိုင်းလိုပါက ယင်းသို့ရပ်ဆိုင်းလိုကြောင်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရရှိသူက ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများသို့ တင်ပြရမည်။ လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ကိုလည်း ပြန်လည်အပ်နှံရမည်။

၂၅။　　တိုင်းဒေသကြီး၊ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများသည် လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ထုတ်ပေးသည့်စာရင်းကို တစ်လချင်းပြုစု၍ လစဉ်လဆန်း ၅ ရက်နေ့မတိုင်မီ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့ ပေးပို့ရမည်။ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ စုစည်းပြီး လဆန်း ၁၀ ရက်နေ့မတိုင်မီ ဦးစီးဌာနသို့ ပေးပို့ရမည်။

၂၆။　　ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်စွဲပါ အမိန့်အမှတ် ၁/၈၉ ဖြင့် ထုတ်ပြန်ခဲ့သော တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်ကို ဤအမိန့်ဖြင့် ရုပ်သိမ်းလိုက်သည်။

ချစ်နိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

**ပုံစံ(က-၁)**

သို့

ညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

နေ့စွဲ၊　　ခု၊　　လ၊　　ရက်

အကြောင်းအရာ။　　**တေးသံသွင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်း**

၁။　　ကျွန်တော်/ကျွန်မ ............................................ သည် ............................................................ အမည်ဖြင့် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။

၂။　　လိုအပ်သောအချက်များကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

(က)　လျှောက်ထားသူအမည်၊ ............................................................

(ခ)　နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ............................................................

(ဂ)　မွေးသက္ကရာဇ်၊ ............................................................

(ဃ)　နေရပ်လိပ်စာနှင့်ဖုန်းနံပါတ်၊ ............................................................
............................................................

(င)　တေးသံသွင်းလုပ်ငန်း လုပ်ကိုင်မည့်လိပ်စာ၊ ............................................................
............................................................

(စ)　လုပ်ငန်းအတွက် တာဝန်ခံဆက်သွယ်မည့်သူနှင့် ၎င်း၏တာဝန်အဆင့်၊ ............................................................
............................................................

ထိုးမြဲလက်မှတ် ............................................
လျှောက်ထားသူအမည် ..................................

**ပူးတွဲတင်ပြသောစာရွက်စာတမ်းများ**

(က) တေးသံသွင်းလုပ်ငန်းလုပ်ကိုင်မည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ သဘောထားမှတ်ချက်၊

( ခ ) သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့မှူး၏ သဘောထားမှတ်ချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်၊

( ဂ ) လုပ်ငန်းသုံးပစ္စည်းများအတွက် တရားဝင်လွှဲပြောင်း လက်ခံရယူထားကြောင်း အထောက်အထားမိတ္တူများ။

**ပုံစံ(က-၂)**

သို့

ညွှန်ကြားရေးမှူးချုပ်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

နေ့စွဲ၊ ခု၊ လ၊ ရက်

အကြောင်းအရာ။ **တေးသံသွင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခွင့် လျှောက်ထားခြင်း**

၁။ ကျွန်တော်/ကျွန်မ .................................................... သည် ..................................................... အမည်ဖြင့် တေးသံသွင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ထုတ်ယူထားပါသည်။ ၎င်းလက်မှတ်သည် ( - - ) နေ့ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်၍ သက်တမ်းတိုးမြှင့်ခွင့်ပြုရန် လျှောက်ထားအပ်ပါသည်။

၂။ လိုအပ်သောအချက်များကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

(က) လျှောက်ထားသူအမည်၊ ..........................................................................................

( ခ ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ..........................................................................

( ဂ ) မွေးသက္ကရာဇ်၊ ...................................................................................................

(ဃ) နေရပ်လိပ်စာနှင့်ဖုန်းနံပါတ်၊ ................................................................................

.........................................................................................................................

( င ) တေးသံသွင်းလုပ်ငန်း လုပ်ကိုင်မည့်လိပ်စာ၊ ...............................................................

.........................................................................................................................

( စ ) လုပ်ငန်းအတွက် တာဝန်ခံဆက်သွယ်မည့်သူနှင့် ၎င်း၏တာဝန်အဆင့်၊ ...........................

.........................................................................................................................

ထိုးမြဲလက်မှတ် .................................................

လျှောက်ထားသူအမည် ..................................

**ပူးတွဲတင်ပြသောစာရွက်စာတမ်းများ**

(က) တေးသံသွင်းလုပ်ငန်းလုပ်ကိုင်မည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ သဘောထားမှတ်ချက်၊

( ခ ) သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့မှူး၏ သဘောထားမှတ်ချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်။

**ပုံစံ(ခ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြန်ကြားရေးဝန်ကြီးဌာန**

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

**တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်**

မှတ်ပုံတင်အမှတ်၊ ..........................................

ရက်စွဲ၊ ခုနှစ်၊ လ ရက်

၁။ .................................. ပြည်နယ်/တိုင်းဒေသကြီး၊ ......................................................... ခရိုင်၊ .......................................... မြို့နယ်၊ .................................. ရပ်ကွက်၊ .................................. လမ်း၊ အမှတ်( )တွင် ဦး/ဒေါ်............................................. နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် .................. အား .......................................... အမည်ဖြင့် တေးသံသွင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးလိုက်သည်။ လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရရှိသူသည် ပူးတွဲပါ စည်းကမ်းချက်များကို လိုက်နာရမည်။

၂။ ဤလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်သည် ခုနှစ်၊ လ ရက်နေ့မှ ခုနှစ်၊ လ ရက်နေ့အထိ အတည်ဖြစ်သည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(...................... ၊ ညွှန်ကြားရေးမှူး)

**စည်းကမ်းချက်များ**

၁။ ဤလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရရှိသူသည် အောက်ပါတေးဂီတ၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အသံသွင်းဇာတ်၊ ဟောပြောပို့ချချက် တစ်ခုခုကို ကြိုးခွေ/စီဒီ/ဒီဗွီဒီများတွင် အသံသွင်းခြင်းမပြုရ-

(က) နိုင်ငံတော်မူဝါဒများကိုဖြစ်စေ၊ နိုင်ငံတော်အဖွဲ့အစည်းများကိုဖြစ်စေ၊ အပြုသဘောမဟုတ်ဘဲ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပုတ်ခတ်သည့် ပြက်လုံးများ သို့မဟုတ် ရယ်ရွှင်ဖွယ်ရာဟာသများပါဝင်သည့် တေးဂီတ၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အသံသွင်းဇာတ်၊ ဟောပြောပို့ချချက်၊

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေမည့် တေးဂီတ၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အသံသွင်းဇာတ်၊ ဟောပြောပို့ချချက်၊

(ဂ) ဘာသာရေး၊ သာသနာရေး သို့မဟုတ် လူမျိုးရေးနှင့်စပ်လျဉ်း၍ စိတ်ဝမ်းကွဲပြားစေရန်လှုံ့ဆော်ပေးသော တေးဂီတ၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အသံသွင်းဇာတ်၊ ဟောပြောပို့ချချက်၊

(ဃ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်ဝပ်ပိပြားရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ထိခိုက်စေမည့် တေးဂီတ၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အသံသွင်းဇာတ်၊ ဟောပြောပို့ချချက်၊

(င) ညစ်ညမ်းသော၊ ရက်စက်ကြမ်းကြုတ်သော သို့မဟုတ် ပြစ်မှုကျူးလွန်ရန် လှုံ့ဆော်သော တေးဂီတ၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အသံသွင်းဇာတ်၊ ဟောပြောပို့ချချက်၊

(စ) ကလေးသူငယ်များ၏ စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် အကျင့်စာရိတ္တကို ပျက်ပြားစေရန် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရေးသားစပ်ဆိုထားသော တေးဂီတ၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အသံသွင်းဇာတ်၊ ဟောပြောပို့ချချက်၊

(ဆ) ပုဂ္ဂိုလ်တစ်ဦးဦး ဂုဏ်သိက္ခာကို ထိပါးစေရန် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရေးသားစပ်ဆိုထားသော တေးဂီတ၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အသံသွင်းဇာတ်၊ ဟောပြောပို့ချချက်၊

(ဇ) ပြည်တွင်းပြည်ပ အဖွဲ့အစည်းများအတွက် နိုင်ငံရေး၊ သဘောတရားရေး၊ ပုဂ္ဂိုလ်ရေးများနှင့်ပတ်သက်၍ ဘက်လိုက်ဝါဒဖြန့်ချက်များပါဝင်သည့် တေးဂီတ၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အသံသွင်းဇာတ်၊ ဟောပြောပို့ချချက်။

၂။ လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရရှိသူသည် အပိုဒ်(၁) တွင် ဖော်ပြပါရှိသော တေးဂီတ၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အသံသွင်းဇာတ်၊ ဟောပြောပို့ချချက်တစ်ခုခု၊ အသံသွင်းထားသော ကြိုးခွေ/စီဒီ/ဒီဗွီဒီများကို ရောင်းချခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းမပြုရ။

၃။ လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရရှိသူသည် မိမိ၏တေးသံသွင်းလုပ်ငန်းမှ အသံသွင်း၍ ဖြန့်ချိသော ကက်ဆက်ခွေနှင့် တိပ်ခွေများပေါ်တွင် လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်အမှတ်ကို ထင်ရှားစွာဖော်ပြရမည်။

၄။ လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရရှိသူသည် တေးသံသွင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုလျှင် မှတ်ပုံတင်လက်မှတ်လဲလှယ်ပေးရန် လျှောက်လွှာကို မှတ်ပုံတင်လက်မှတ်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းဖြစ်ပါက ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့လည်းကောင်း၊ အခြားတိုင်းဒေသကြီး/ပြည်နယ်များအတွင်း ဖြစ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့လည်းကောင်း လျှောက်ထားရမည်။

## အမိန့်အမှတ် (၃/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

## သတင်းအေဂျင်စီလုပ်ငန်း ပိတ်သိမ်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့်ဖော်ပြခြင်း သို့မဟုတ် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု ကျူးလွန်နေသူများကို အားပေးကူညီရာရောက်သည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့်ဖော်ပြခြင်းကို ပြုလုပ်လျက်ရှိသည့် သတင်းအေဂျင်စီလုပ်ငန်းများအား လုပ်ငန်းပိတ်သိမ်းရန် အခွင့်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ နှင့် ပုဒ်မ ၄၂၀ တို့အရ ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာနအား အပ်နှင်းခဲ့ပါသည်။

၂။ သို့ပါ၍ ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများ၊ ပြစ်မှုကျူးလွန်သူများကို အားပေးကူညီရာရောက်သည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့်ဖော်ပြခဲ့သည့် ယခင်ကသတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ခွင့်ပြုပေးခဲ့သော တာချီလိတ်သတင်းအေဂျင်စီကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှစ၍ ပိတ်သိမ်းလိုက်သည်။

၃။ ယင်းသတင်းဌာနသည် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ခြင်းမပြုရန် ကြေညာအပ်ပါသည်။

## အမိန့်အမှတ် (၄/၂၀၂၁)

## ထုတ်ဝေခြင်းလုပ်ငန်း ပိတ်သိမ်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့်ဖော်ပြခြင်း သို့မဟုတ်

နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု ကျူးလွန်နေသူများကို အားပေးကူညီရာရောက်သည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့်ဖော်ပြခြင်းကို ပြုလုပ်လျက်ရှိသည့် သတင်းအေဂျင်စီလုပ်ငန်းများအား လုပ်ငန်းပိတ်သိမ်းရန် အခွင့်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ နှင့် ၄၂၀ တို့အရ ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာနအား အပ်နှင်းခဲ့ပါသည်။

၂။ သို့ပါ၍ ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများကို ပုံနှိပ်ဖော်ပြခြင်း သို့မဟုတ် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု ကျူးလွန်နေသူများကို အားပေးကူညီရာရောက်သည့် အကြောင်းအရာများကို ပုံနှိပ်ဖော်ပြခြင်း ပြုလုပ်လျက်ရှိသည့် "ဆန်းချယ်" ပုံနှိပ်လုပ်ငန်းကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှစ၍ ပိတ်သိမ်းလိုက်ပါသည်။

၃။ ယင်းပုံနှိပ်လုပ်ငန်းသည် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ပုံနှိပ်ထုတ်ဝေခြင်းမပြုရန် ကြေညာအပ်ပါသည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်)

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန/လုပ်ငန်းများမှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်တွင်းပြည်ပမှ ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်း၊ ပစ္စည်းများထုခွဲရောင်းချခြင်းလုပ်ငန်းများဆောင်ရွက်ရန် တင်ဒါကော်မတီကိုအောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **တင်ဒါကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး (၁)<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး (၂)<br>ပြန်ကြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးဆောင်ညွှန်ကြားရေးမှူး<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (၈) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) ဝယ်ယူမည့်ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ အရေအတွက်မှန်ကန်မှု ရှိ မရှိ စိစစ်ခြင်း၊

(ခ) ဝယ်ယူမည့်ပစ္စည်းများအတွက် ရန်ပုံငွေလျာထားချက် ရှိ မရှိ စိစစ်ခြင်း၊

(ဂ) တင်သွင်းလာသည့်တင်ဒါများကို Technology ပိုင်း စစ်ဆေးသည့်အဖွဲ့နှင့် ဈေးနှုန်းကို စိစစ်သည့်အဖွဲ့တို့ဖြင့် စစ်ဆေး/စိစစ်၍ ပစ္စည်းအရည်အသွေးမှန်ကန်ပြီး ဈေးနှုန်းအနည်းဆုံးတင်သွင်းသည့်ကုမ္ပဏီကို တင်ဒါတင်သွင်းလာသည့်ကုမ္ပဏီများရှေ့မှောက်တွင် ကြေညာ၍ အခြားကုမ္ပဏီများက အဆိုပါကုမ္ပဏီ၏ အရည်အသွေး၊ ဈေးနှုန်းအတိုင်းပေးသွင်းနိုင်ခြင်း ရှိ မရှိ မေးမြန်းပြီး အခြားကုမ္ပဏီများက ပေးသွင်းနိုင်ခြင်း မရှိပါက တင်ဒါအောင်မြင်သည့် ကုမ္ပဏီကို ဈေးနှုန်းစိစစ်အစည်းအဝေးတွင် ကြေညာပေးခြင်း၊

(ဃ) အဆင့်ဆင့်ရွေးချယ်ပြီး နောက်ဆုံးရွေးချယ်သည့်ကုမ္ပဏီ၊ ဈေးနှုန်းများကို ပြန်ကြားရေးဝန်ကြီးဌာန၊ Website နှင့် သက်ဆိုင်ရာဌာန Website တို့တွင် ထုတ်ပြန်ပေးခြင်း၊

(င) အထက်ပါ ပစ္စည်းဝယ်ယူရေးဆောင်ရွက်ချက်အဆင့်ဆင့်ကို အနီးစပ်ဆုံးကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် တင်ပြ၍အတည်ပြုချက်ရယူခြင်း၊

(စ) တင်ဒါကော်မတီက ရွေးချယ်သည့်ကုမ္ပဏီနှင့် ပစ္စည်းဝယ်ယူသည့်ဌာနတို့ ပစ္စည်းဝယ်ယူရေးစာချုပ်ချုပ်ဆိုပြီးသည့်အခါ ပစ္စည်းများရောက်ရှိပါက ကုန်ဝယ်စာချုပ်ပါအချက်အလက်များမှန်ကန်မှု ရှိ မရှိ စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်၍ စစ်ဆေးစေခြင်း၊

(ဆ) ကော်မတီသည် လိုအပ်လျှင် လိုအပ်သလို အခါအားလျော်စွာသီးသန့် အစည်းအဝေးကျင်းပပြီး နိုင်ငံတော်ကသတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျကြပ်မတ်ဆောင်ရွက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့တင်ပြ၍ အဆုံးအဖြတ်ခံယူခြင်း၊

(ဇ) တင်ဒါကော်မတီသည် နိုင်ငံပိုင်ပစ္စည်းများငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးနှင့်အတူ ကြမ်းခင်းဈေးထက်ဈေးနှုန်းအမြင့်ဆုံး ကမ်းလှမ်းသည့် ဝယ်ယူသူအား ရွေးချယ်ခြင်း၊

(ဈ) တင်ဒါတင်သွင်းသူအားလုံး၏ ဈေးနှုန်းအဆိုပြုချက်များသည် သတ်မှတ်သည့် ကြမ်းခင်းဈေးထက် လျော့နည်းပါက တင်ဒါကော်မတီအနေဖြင့် ခိုင်လုံသည့်အကြောင်းပြချက်ဖြင့် ရောင်းချမှုကို ပယ်ဖျက်နိုင်ခြင်း။

၃။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန/လုပ်ငန်းများက ပစ္စည်းများထုခွဲရောင်းချခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန် ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီများကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီများ**

(၁) ဝန်ကြီးရုံး

(ကက) ဦးကြည်မောင် — အဖွဲ့ခေါင်းဆောင်
လက်ထောက်အတွင်းဝန်(စီမံကိန်း)
ဝန်ကြီးရုံး

(ခခ) ဦးစောလင်းထွန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ
ဝန်ကြီးရုံး

(ဂဂ) ဦးကျော်မျိုးနိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

(ဃဃ) ဦးကျော်သက်　　အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

(၂) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ကက) ဦးဇေယျာ　　အဖွဲ့ခေါင်းဆောင်
ခေတ္တဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

( ခခ ) ဦးစောမြင့်ဇော်　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (စီမံ)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

( ဂဂ ) ဦးဇေယျာမင်း　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ဃဃ) ဒေါ်ဇင်ဝါကြူ　　အဖွဲ့ဝင်
အင်ဂျင်နီယာချုပ်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

( ငင ) ဦးသက်ဝင်းသူ　　အဖွဲ့ဝင်
အင်ဂျင်နီယာမှူး (စက်မှု)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(၃) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ကက) ဦးအောင်မျိုးသန့်　　အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး၊ သုတေသနနှင့်
သတင်းအချက်အလက်ဌာနခွဲ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

( ခခ ) ဦးကျော်ခိုင်ဦး　　အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (စီမံ)
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

( ဂဂ ) ဦးဆန်းမြင့်　　အဖွဲ့ဝင်
ဦးစီးအရာရှိ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၄) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ကက) ဦးဌေးလှိုင်　　အဖွဲ့ခေါင်းဆောင်
ခေတ္တညွှန်ကြားရေးမှူး (စီမံ)
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

( ခခ ) ဒေါ်အိအိစိုး　　အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ဂဂ) ဦးထွန်းထွန်းနိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ဃဃ) ဒေါ်ဇင်မင်းခိုင် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ငင) ဦးကြည်စိုး — အဖွဲ့ဝင်
ဦးစီးအရာရှိ
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(၅) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ကက) ဦးဟန်လင်းအောင် — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ခခ) ဦးလှရွှေ — အဖွဲ့ဝင်
စာတည်းမှူးချုပ်
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ဂဂ) ဒေါ်စန်းစန်းမြင့် — အဖွဲ့ဝင်
မန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ဃဃ) ဒေါ်အေးအေးမြင့် — အဖွဲ့ဝင်
မန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ငင) ဒေါ်ဖြူဖွေးသန့်စင် — အဖွဲ့ဝင်
မန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

၄။ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီသည် ငှားရမ်း/ရောင်းချမည့် နိုင်ငံတော်ပိုင်ပစ္စည်းများအတွက် ကြမ်းခင်းဈေးကို တွက်ချက်ပြီး တင်ဒါကော်မတီသို့ တင်ပြရမည်။

၅။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန/လုပ်ငန်းများက ပြည်တွင်း ပြည်ပမှ ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်း၊ ပစ္စည်းများ ထုခွဲရောင်းချခြင်း လုပ်ငန်းများဆောင်ရွက်ရန် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီများကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီများ**

(၁) ဝန်ကြီးရုံး (စက်ပစ္စည်း)

(ကက) ဦးမျိုးဝင်း — အဖွဲ့ခေါင်းဆောင်
လက်ထောက်အတွင်းဝန်(စီမံ)
ဝန်ကြီးရုံး

(ခခ) ဦးထွန်းထွန်းနိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ဂဂ) ဒေါ်အေးအေးမြင့် — အဖွဲ့ဝင်
မန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ဃဃ) ဦးဆန်းမြင့် — အဖွဲ့ဝင်
ဦးစီးအရာရှိ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၂) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (စက်ပစ္စည်း)

(ကက) ဒေါ်ဇင်ဝါကြူ — အဖွဲ့ခေါင်းဆောင်
အင်ဂျင်နီယာချုပ်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ခခ) ဦးရဲနိုင် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ဂဂ) ဒေါ်အေးအေးမြင့် — အဖွဲ့ဝင်
မန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ဃဃ) ဦးဖြိုးမြတ်ဟန် — အဖွဲ့ဝင်
ဦးစီးအရာရှိ
ဝန်ကြီးရုံး

(ငင) ဦးဆန်းမြင့် — အဖွဲ့ဝင်
ဦးစီးအရာရှိ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၃) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (စက်ပစ္စည်း)

(ကက) ဦးအောင်မျိုးသန့် — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ခခ) ဦးခင်မောင်ကြည် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

(ဂဂ) ဒေါ်အေးအေးမြင့် — အဖွဲ့ဝင်
မန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ဃဃ) ဒေါ်အေးမြတ်သူ — အဖွဲ့ဝင်
ဦးစီးအရာရှိ
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(၄) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန (စက်ပစ္စည်း)

(ကက) ဦးမင်းကိုကို — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ခခ) ဦးအေးမင်းဦး — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

(ဂဂ) ဒေါ်အေးအေးမြင့် အဖွဲ့ဝင်
မန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ဃဃ) ဦးဆန်းမြင့် အဖွဲ့ဝင်
ဦးစီးအရာရှိ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၅) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း (စက်ပစ္စည်း)

(ကက) ဦးမြင့်ဝေ အဖွဲ့ခေါင်းဆောင်
အထွေထွေမန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ခခ) ဦးမိုးစည်သူ အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

(ဂဂ) ဦးရဲနိုင် အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ဃဃ) ဦးဆန်းမြင့် အဖွဲ့ဝင်
ဦးစီးအရာရှိ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၆) ဝန်ကြီးရုံး(ရုံးသုံးပရိဘောဂနှင့် အခြားဆက်စပ်ပစ္စည်းများ)

(ကက) ဒေါ်ခင်မာသီ အဖွဲ့ခေါင်းဆောင်
လက်ထောက်အတွင်းဝန် (ဘဏ္ဍာရေး)
ဝန်ကြီးရုံး

(ခခ) ဒေါ်အေးအေးမြင့် အဖွဲ့ဝင်
မန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ဂဂ) ဦးဆန်းမြင့် အဖွဲ့ဝင်
ဦးစီးအရာရှိ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဃဃ) ဒေါ်ဝင်းစန္ဒာမောင် အဖွဲ့ဝင်
ဦးစီးအရာရှိ
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(၇) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရုံးသုံးပရိဘောဂနှင့် အခြားဆက်စပ်ပစ္စည်းများ)

(ကက) ဦးစောမြင့်ဇော် အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး(စီမံ)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ခခ) ဒေါ်အေးအေးမြင့်　　အဖွဲ့ဝင်
မန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ဂဂ) ဒေါ်ခင်ဆင့်　　အဖွဲ့ဝင်
ဦးစီးအရာရှိ
ဝန်ကြီးရုံး

(ဃဃ) ဦးဆန်းမြင့်　　အဖွဲ့ဝင်
ဦးစီးအရာရှိ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ငင) ဒေါ်အေးမြတ်သူ　　အဖွဲ့ဝင်
ဦးစီးအရာရှိ
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(၈) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးသုံးပရိဘောဂနှင့်အခြားဆက်စပ်ပစ္စည်းများ)

(ကက) ဦးအောင်မျိုးသန့်　　အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ခခ) ဒေါ်သန်းသန်းထွေး　　အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

(ဂဂ) ဦးရဲနိုင်　　အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ဃဃ) ဒေါ်အေးအေးမြင့်　　အဖွဲ့ဝင်
မန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(၉) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန (ရုံးသုံးပရိဘောဂနှင့် အခြားဆက်စပ်ပစ္စည်းများ)

(ကက) ဦးငွေလှိုင်　　အဖွဲ့ခေါင်းဆောင်
ခေတ္တညွှန်ကြားရေးမှူး(စီမံ)
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ခခ) ဒေါ်အေးအေးမြင့်　　အဖွဲ့ဝင်
မန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ဂဂ) ဒေါ်အေးအေးသင်း　　အဖွဲ့ဝင်
ဦးစီးအရာရှိ
ဝန်ကြီးရုံး

(ဃဃ) ဦးဆန်းမြင့်　　အဖွဲ့ဝင်
ဦးစီးအရာရှိ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၁၀) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း (ရုံးသုံးပရိဘောဂနှင့် အခြားဆက်စပ်ပစ္စည်းများ)

(ကက) ဦးမြင့်ဝေ — အဖွဲ့ခေါင်းဆောင်
အထွေထွေမန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

( ခခ ) ဒေါ်ခင်ချောရဲ — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

( ဂဂ ) ဦးဆန်းမြင့် — အဖွဲ့ဝင်
ဦးစီးအရာရှိ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဃဃ) ဒေါ်သင်းသင်းမာ — အဖွဲ့ဝင်
ဦးစီးအရာရှိ
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

၆။ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီများ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

( ခ ) တင်ဒါများကိုစိစစ်အကဲဖြတ်ခြင်း၊

( ဂ ) တင်ဒါကော်မတီသို့ တင်ပြရန်အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(ဃ) တင်ဒါကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

( င ) တင်ဒါခေါ်ယူသည့် ဌာနအလိုက် လုပ်ငန်းသဘာဝအရ လိုအပ်ချက်များကို ဖြည့်စွက်ဆောင်ရွက်ခြင်း၊

( စ ) သာမန်အသုံးစရိတ်ဖြင့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူ/ဆောင်ရွက်သည့်အခါ ရုံးသုံးပရိဘောဂနှင့် အခြားဆက်စပ်ပစ္စည်းများဝယ်ယူရန် ဖွဲ့စည်းပေးထားသည့် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဖြင့် စိစစ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

၇။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန/လုပ်ငန်းများက ပြည်တွင်း ပြည်ပမှ ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်း၊ ပစ္စည်းများ ထုခွဲရောင်းချခြင်း လုပ်ငန်းများဆောင်ရွက်ရန် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများ**

(၁) ဝန်ကြီးရုံး (စက်ပစ္စည်း)

(ကက) ဦးစိုးမိုး — အဖွဲ့ခေါင်းဆောင်
လက်ထောက်အတွင်းဝန်(မူဝါဒ)
ဝန်ကြီးရုံး

( ခခ ) ဦးခိုင်လင်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

( ဂဂ ) ဦးကျော်မျိုးဦး — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

(ဃဃ) ဦးကျော်ဇေယျ — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

(ငင) ဦးအောင်မျိုးသူ — အဖွဲ့ဝင်
ဦးစီးအရာရှိ
ဝန်ကြီးရုံး

(၂) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (စက်ပစ္စည်း)

(ကက) ဦးစောမြင့်ဇော် — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး (စီမံ)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ခခ) ဒေါ်ဇင်ဝါကြူ — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ဂဂ) ဦးစိန်ဦး — အဖွဲ့ဝင်
ဒုတိယအင်ဂျင်နီယာချုပ်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ဃဃ) ဦးဉာဏ်ထွန်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ငင) ဦးညွန့်လွင် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(၃) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (စက်ပစ္စည်း)

(ကက) ဦးအောင်မျိုးသန့် — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး (သတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ)
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ခခ) ဦးကျော်ခိုင်ဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (စီမံ)
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဂဂ) ဦးဆန်းမြင့် — အဖွဲ့ဝင်
ဦးစီးအရာရှိ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၄) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန (စက်ပစ္စည်း)

(ကက) ဦးကျော်လွင်ဦး — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ခခ) ဦးထွန်းထွန်းနိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ဂဂ) ဦးကျော်ဇေလင်း — အဖွဲ့ဝင်
စက်ရုံမှူး (ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ)
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ဃဃ) ဦးဇော်မင်းထိုက် — အဖွဲ့ဝင်
ဦးစီးအရာရှိ
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ငင) ဒေါ်အေးမြတ်သူ — အဖွဲ့ဝင်
ဦးစီးအရာရှိ
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(၅) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း (စက်ပစ္စည်း)

(ကက) ဦးလှရွှေ — အဖွဲ့ခေါင်းဆောင်
စာတည်းမှူးချုပ်
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ခခ) ဦးမြသန်း — အဖွဲ့ဝင်
မန်နေဂျာ (ပုံနှိပ်)
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ဂဂ) ဦးဇော်မင်း — အဖွဲ့ဝင်
မန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ဃဃ) ဒေါ်စန္ဒာသန်း — အဖွဲ့ဝင်
မန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ငင) ဒေါ်ဖြူဖွေးသန့်စင် — အဖွဲ့ဝင်
မန်နေဂျာ (ထုတ်လုပ်)
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(စစ) ဦးရဲလင်းအောင် — အဖွဲ့ဝင်
လက်ထောက်မန်နေဂျာ (ပုံနှိပ်)
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ဆဆ) ဦးထွန်းထွန်းလင်း — အဖွဲ့ဝင်
လက်ထောက်မန်နေဂျာ (ပုံနှိပ်)
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(၆) ဝန်ကြီးရုံး (ရုံးသုံးပရိဘောဂနှင့် အခြားဆက်စပ်ပစ္စည်းများ)

(ကက) ဦးကျော်ဇင်သန့် — အဖွဲ့ခေါင်းဆောင်
လက်ထောက်အတွင်းဝန် (ပြည်တွင်း ပြည်ပ)
ဝန်ကြီးရုံး

(ခခ) ဒေါ်သီရိထွန်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

(ဂဂ) ဒေါ်အေးမြမြစိုး အဖွဲ့ဝင်
ဦးစီးအရာရှိ
ဝန်ကြီးရုံး

(ဃဃ) ဦးသူရ အဖွဲ့ဝင်
ဦးစီးအရာရှိ
ဝန်ကြီးရုံး

(၇) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရုံးသုံးပရိဘောဂနှင့် အခြားဆက်စပ်ပစ္စည်းများ)

(ကက) ဦးစောမြင့်ဇော် အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး (စီမံ)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ခခ) ဦးဇေယျာမင်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ဂဂ) ဦးကျော်ကျော်ထွန်း အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (စီမံ)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ဃဃ) ဦးအေးနိုင် အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (စီမံ)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ငင) ဒေါ်အေးသင်းရီ အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (စီမံ)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(၈) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးသုံးပရိဘောဂနှင့် အခြားဆက်စပ်ပစ္စည်းများ)

(ကက) ဦးအောင်မျိုးသန့် အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး
သတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ခခ) ဦးကျော်ခိုင်ဦး အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (စီမံ)
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဂဂ) ဦးဆန်းမြင့် အဖွဲ့ဝင်
ဦးစီးအရာရှိ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၉) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန (ရုံးသုံးပရိဘောဂနှင့် အခြားဆက်စပ်ပစ္စည်းများ)

(ကက) ဦးဌေးလှိုင် အဖွဲ့ခေါင်းဆောင်
ခေတ္တညွှန်ကြားရေးမှူး (စီမံ)
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ခခ) ဦးရဲနိုင် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ဂဂ) ဒေါ်ယဉ်မင်းထွေး — အဖွဲ့ဝင်
စာတည်းမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ဃဃ) ဦးကျော်ငြိမ်း — အဖွဲ့ဝင်
ဦးစီးအရာရှိ
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ငင) ဒေါ်နုနုထွေး — အဖွဲ့ဝင်
ဦးစီးအရာရှိ
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(၁၀) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း (ရုံးသုံးပရိဘောဂနှင့် အခြားဆက်စပ်ပစ္စည်းများ)

(ကက) ဦးလှရွှေ — အဖွဲ့ခေါင်းဆောင်
စာတည်းမှူးချုပ်
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ခခ) ဦးမြသန်း — အဖွဲ့ဝင်
မန်နေဂျာ (ပုံနှိပ်)
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ဂဂ) ဦးဇော်မင်း — အဖွဲ့ဝင်
မန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ဃဃ) ဒေါ်စန္ဒာသန်း — အဖွဲ့ဝင်
မန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ငင) ဒေါ်ဖြူဖွေးသန့်စင် — အဖွဲ့ဝင်
မန်နေဂျာ (ထုတ်လုပ်)
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

၈။ အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီများ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(ခ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂ) ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်းကိုယ်စားပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများထုတ်ပေးခြင်း၊

(င) တင်ဒါခေါ်ယူသည့် ဌာနအလိုက် လုပ်ငန်းသဘာဝအရ လိုအပ်ချက်များကို ဖြည့်စွက်ဆောင်ရွက်ခြင်း၊

(စ) သာမန်အသုံးစရိတ်ဖြင့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူ/ဆောင်ရွက်သည့်အခါ ရုံးသုံးပရိဘောဂနှင့် အခြားဆက်စပ်ပစ္စည်းများဝယ်ယူရန် ဖွဲ့စည်းပေးထားသည့် အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီဖြင့် စိစစ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

၉။ ယခင် နိုင်ငံတော်သမ္မတရုံး၏ ၂၈-၁၂-၂၀၂၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၇/၂၀၂၀ နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ခြင်းလုပ်ငန်းများအတွက် တည်ဆောက်ရေးတင်ဒါဗဟိုကော်မတီများကို ပြန်ကြားရေးဝန်ကြီးဌာန၏ ၉-၃-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၂၁ ဖြင့် ဖွဲ့စည်းပြီးဖြစ်ပါသည်။

၁၀။ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၃-၁၀-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၀/၂၀၂၀ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ချစ်နိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂၆/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁၅ ရက်)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ (လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ) ဝန်ကြီးရုံး၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် တင်ဒါခေါ်ယူရာတွင် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) နှင့်အညီ ဖွဲ့စည်းထားသည့် တင်ဒါကော်မတီများအနက် ကော်မတီဝင်အချို့မှာ ဝန်ထမ်းအဖြစ်မှအငြိမ်းစားယူခြင်း၊ ရာထူးတိုးမြှင့်သွားခြင်းနှင့် ဒေသပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းတို့ကြောင့် ၎င်းပုဂ္ဂိုလ်များနေရာတွင်အစားထိုး၍ အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **ဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တင်ဒါကော်မတီ**

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (၁) | ဦးဌေးလှိုင် | ဒုတိယဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးအေးလွင် | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးအောင်ကျော်စိုး | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၄) | ဦးဝင်းဇော်အောင် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးအေးလွင် | အမြဲတမ်းအတွင်းဝန်<br>လုပ်ငန်းနှင့်အလုပ်သမား<br>ပြည်သူ့အင်အားဆိုင်ရာ၊ ဝန်ကြီးရုံး | အတွင်းရေးမှူး |
| (၆) | ဦးကျော်ယဉ်ဦး | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး | တွဲဖက်<br>အတွင်းရေးမှူး |

## ( ခ ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (၁) | ဦးဝင်းဇော်အောင် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးဆန်းလွင် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးမင်းဇော် | ညွှန်ကြားရေးမှူး<br>လုပ်ငန်းကြီးကြပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးရဲရင့်သိန်း | ညွှန်ကြားရေးမှူး<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါ်နွယ်နီစိုးရင် | ညွှန်ကြားရေးမှူး<br>သတင်းအချက်အလက်နည်းပညာနှင့်<br>ဆိုက်ဘာလုံခြုံရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါက်တာ<br>ကြည်ကြည်သန်းအောင် | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (၇) | ဦးမင်းမင်းသိုက် | ဒုတိယညွှန်ကြားရေးမှူး<br>ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေး<br>ဦးစီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးအောင်ခိုင်ဆွေ | ဒုတိယညွှန်ကြားရေးမှူး<br>လုပ်ငန်းကြီးကြပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးအောင်ကိုဇော် | ဒုတိယညွှန်ကြားရေးမှူး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဦးမြတ်သွင် | လက်ထောက်အတွင်းဝန်<br>အုပ်ချုပ်ရေး၊ လူ့အရင်းအမြစ်နှင့်<br>နည်းပညာဌာန၊ ဝန်ကြီးရုံး | အတွင်းရေးမှူး |
| (၁၁) | – | ဒုတိယညွှန်ကြားရေးမှူး<br>အုပ်ချုပ်ရေး၊ လူ့အရင်းအမြစ်နှင့်<br>နည်းပညာဌာန | တွဲဖက်<br>အတွင်းရေးမှူး |

(ဂ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (၁) | ဦးစောနိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါ်ခင်ခင်ညို | ညွှန်ကြားရေးမှူး<br>ပြည်သူ့အင်အားဦးစီးဌာန | အဖွဲ့ဝင် |
| **စဉ်** | **အမည်** | **ရာထူး၊ ဌာန** | **တာဝန်** |
| (၃) | ဦးဦးသွင် | ဒုတိယညွှန်ကြားရေးမှူး<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | - | ဒုတိယညွှန်ကြားရေးမှူး<br>အုပ်ချုပ်ရေး၊ လူ့အရင်းအမြစ်နှင့်<br>နည်းပညာဌာန၊ (ထောက်ပံ့) ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၅) | ဦးခင်ဌေး | လက်ထောက်အတွင်းဝန်<br>စီမံကိန်းစာရင်းအင်း၊ စာရင်းစစ်နှင့်<br>ဘဏ္ဍာရေးဌာန | အတွင်းရေးမှူး |

(ဃ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (၁) | ဦးအောင်ကျော်စိုး | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးထိန်ဝင်း | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးသိန်းရွှေဝင်း | လက်ထောက်အတွင်းဝန်<br>သုတေသန၊ ပြည်တွင်း ပြည်ပဆက်ဆံရေးနှင့်<br>ပြန်ကြားရေးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါ်အေးအေးသိန်း | ညွှန်ကြားရေးမှူး<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါ်ခိုင်ခိုင်လတ် | ဒုတိယညွှန်ကြားရေးမှူး<br>အုပ်ချုပ်ရေး၊ လူ့အရင်းအမြစ်နှင့်<br>နည်းပညာဌာန၊ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၆) | ဒေါ်သီတာ | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်သူ့အင်အားဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးမင်းဇော် | ညွှန်ကြားရေးမှူး<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

၃။ တင်ဒါကော်မတီဝင်များအနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတင်ဒါများကို နိုင်ငံတော်သမ္မတရုံး၏ တင်ဒါလုပ်ထုံးလုပ်နည်းညွှန်ကြားချက် အမှတ် (၁/၂၀၁၇)၊ (၇/၂၀၂၀) နှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်သွားရန် ဖြစ်ပါသည်။

၄။ ဝန်ကြီးရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၈၁/၂၀၂၀) ဖြင့် ဖွဲ့စည်းခဲ့သည့် တင်ဒါကော်မတီများအား ဤအမိန့်စာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဦးမြင့်ကြိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**အမိန့်အမှတ် (၅၄/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ၂၀–၉–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၀၇/၂၀၂၀ ဖြင့် **ရန်ကုန်တိုင်းဒေသကြီး** အတွင်းရှိ မြို့နယ်အားလုံး (ကိုကိုးကျွန်းမြို့နယ်မပါ)၊ ၂၅–၉–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၁၀/၂၀၂၀ ဖြင့် **မန္တလေးတိုင်းဒေသကြီး**၊ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အမရပူရမြို့နယ်၊ **ပဲခူးတိုင်းဒေသကြီး**၊ ပဲခူးမြို့နယ်၊ **ဧရာဝတီတိုင်းဒေသကြီး**၊ ပုသိမ်မြို့နယ်၊ ၁၉–၁၀–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၂၉/၂၀၂၀ ဖြင့် **ကချင်ပြည်နယ်**၊ ဖားကန့်မြို့နယ်၊ ၂၆–၁၂–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၆၁/၂၀၂၀ ဖြင့် **မန္တလေးတိုင်းဒေသကြီး**၊ အောင်မြေသာစံမြို့နယ်၊ချမ်းမြသာစည်မြို့နယ်၊ပြည်ကြီးတံခွန်မြို့နယ်၊ပုသိမ်ကြီးမြို့နယ်တို့တွင် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်အသီးသီးမှ ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် Stay at Home အမိန့်များ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် Stay at Home အဖြစ် သတ်မှတ်ထုတ်ပြန်ခဲ့သော တိုင်းဒေသကြီးများနှင့် ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ထပ်မံတွေ့ရှိရမှုလျော့နည်းလာခြင်း၊ တစ်ဦးမှ တစ်ဦးသို့ အစုလိုက်ကူးစက်ဖြစ်ပွားမှု လျော့နည်းလာခြင်းတို့ကြောင့် အထက်ဖော်ပြပါ တိုင်းဒေသကြီး/ပြည်နယ်များ အတွင်းရှိ ပြည်သူများအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ ၀၄၀၀ နာရီအချိန်မှစ၍ မိမိနေအိမ်တွင် နေထိုင်ရန် Stay at Home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်။

**အမိန့်အမှတ် (၅၅/၂၀၂၁)**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။**

၁။ မြန်မာနိုင်ငံတွင် COVID–19 ရောဂါကူးစက်ပြန့်ပွားမှုဖြစ်စဉ်များ ဆက်လက်ပေါ်ထွက်လျက် ရှိနေပါသည်။ ထို့အပြင် COVID–19 ရောဂါပိုး၏ သဘာဝအရ လူစုလူဝေးဖြစ်သော နေရာများတွင် ကူးစက်မှုနှုန်း ပိုမိုမြင့်မားနိုင်ပါသည်။ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲသည် သာမန်အားဖြင့် လူစုလူဝေးဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပလေ့ရှိသဖြင့် လက်ရှိ COVID–19 ဖြစ်ပွားလျက်ရှိသည့် အခြေအနေအရ ကူးစက်ပြန့်ပွားမှုများ ပိုမိုများပြားလာနိုင်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလအတွင်း

COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမှ ကာကွယ်နိုင်ရေးအတွက် အောက်ဖော်ပြပါအချက်များကို တိကျစွာ လိုက်နာရန် လိုအပ်ပါသည်-

**အထွေထွေလိုက်နာရန် အချက်များ**

၂။ (က) ရေကစားရန်စုဝေးသည့်နေရာ၊ ရေကစားမည့်နေရာ၊ စတုဒီသာကျွေးမည့်နေရာများ ပြင်ဆင်ရာတွင် လုံလောက်သည့် Physical Distancing ရရှိစေရေးအတွက် နေရာပြင်ဆင်ရာတွင် အတတ်နိုင်ဆုံး သတ်မှတ်အကွာအဝေး (၆) ပေ ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ရန်၊

(ခ) မဏ္ဍပ်ပြုလုပ်၍ ရေကစားလိုပါက ပေ(၂၀) ပတ်လည်ထက်မပိုသော မဏ္ဍပ်ကိုသာပြုလုပ်ရန်၊ (ဥပမာ- မြန်မာ့ရိုးရာ အုန်းလက်ရေကစားမဏ္ဍပ်)

(ဂ) လူစုလူဝေးဖြစ်ပွားစေနိုင်သော ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းဆောင်ရွက်ခြင်း လုံးဝ မပြုလုပ်ရန်၊ (လူစုလူဝေးဖြစ်ပွားမှုမရှိစေရန်နှင့် လိုအပ်သော Physical Distancing ရရှိစေရန် အတွက် ဖြစ်ပါသည်။)

(ဃ) ရေကစားရာတွင် လူစုလူဝေးမဖြစ်စေရန်နှင့် သတ်မှတ်ထားသော အကွာအဝေးမှ ရေကစားခြင်း ပြုလုပ်ရန်၊

(င) ရေကစားမည့်နေရာသို့ လာရောက်သူများအားလုံးသည် ခွဲစိတ်ခန်းသုံး ပါးစပ်နှင့် နှာခေါင်းစည်း (Surgical Mask) နှင့် မျက်နှာအကာ (Face Shield) အား တွဲဖက်၍ မဖြစ်မနေ တပ်ဆင်ရန်၊ Surgical Mask ရေစိုပါက အသစ်လဲလှယ်တပ်ဆင်ရန်၊ Surgical Mask တပ်ဆင်ထားရန် ခက်ခဲသောအခြေအနေ (အထူးသဖြင့် ရေကစားချိန်) တွင် မျက်နှာအကာ (Face Shield) အား မဖြစ်မနေ စနစ်တကျ တပ်ဆင်ထားရှိရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(စ) ရေကစားသည့်နေရာများတွင် ကြီးကြပ်ဆော်ဩသည့်အဖွဲ့များ တာဝန်ပေးအပ်ထားရှိပြီး COVID-19 ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များအားလုံးကို လိုက်နာစေရေး အထူးကြီးကြပ် ဆောင်ရွက်စေရန်၊

(ဆ) စတုဒီသာကျွေးမွေးရာတွင် တတ်နိုင်သမျှ ပါဆယ် (Take-away) စနစ်ဖြင့် ဆောင်ရွက်ရန်၊

(ဇ) စတုဒီသာကျွေးသည့်နေရာများ၏ အစားအသောက်များ ကျွေးမွေးသောနေရာများတွင် Physical Distancing ရရှိစေရေးအတွက် ခေးလွယ်ခုတ်ထိုင်စေခြင်းနှင့် စားပွဲတစ်ဝိုင်းနှင့် တစ်ဝိုင်းအား (၆) ပေ အကွာနေရာချထားရန် စသည့် Physical Distancing ရရှိစေရန် ဆောင်ရွက်ရန်၊ အစားအသောက်ပြင်ဆင်ပေးသူများအား ခွဲစိတ်ခန်းသုံးပါးစပ်နှင့် နှာခေါင်းစည်း (Surgical Mask) နှင့် လက်အိတ် (Gloves) များ ဝတ်ဆင်စေရန်၊

(ဈ) စတုဒီသာကျွေးမည့်နေရာများသို့ မဝင်ရောက်မီ ရေနှင့်ဆပ်ပြာ သို့မဟုတ် အယ်လ်ကိုဟော (၆၀%) ပါဝင်သော လက်သန့်စင်ဆေးရည် (Hand Sanitizer/Gel) များနှင့် လက်သန့်စင် ဆေးကြောရန်၊

(ည) အမှိုက်စွန့်ပစ်မည့်နေရာများ စနစ်တကျစီစဉ်ထားရန်နှင့် အမှိုက်စွန့်ပစ်ခြင်းလုပ်ငန်းအား သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဋ) အများနှင့်သက်ဆိုင်သော အနားယူအပန်းဖြေနေရာများသည် လူအများစုဝေးနိုင်သည့်နေရာ များဖြစ်သည့်အတွက် လာရောက်အပန်းဖြေသူ လူအုပ်စုများအချင်းချင်း နီးနီးကပ်ကပ်မရှိစေဘဲ Physical Distancing ရရှိစေရေးအတွက် စီစဉ်ထားရန်နှင့် ကြီးကြပ်ဆောင်ရွက်ရန်၊

(ဌ) မိသားစုခရီးသွားလာခြင်းများရှိပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန် ထားရှိသော ခရီးသွားလုပ်ငန်းလမ်းညွှန်ကို လိုက်နာဆောင်ရွက်ရန်။

**ရေကစားမည့်နေရာသို့ လာရောက်သူများ လိုက်နာရန်**

၃။ (က) ရေကစားမည့်နေရာသို့ လာရောက်မည့်သူအားလုံးသည် ဖျားခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့/အရသာပျောက်ဆုံးခြင်း စသည့် COVID-19 ရောဂါ သံသယလက္ခဏာများမရှိဘဲ ကျန်းမာရေးအခြေအနေ ကောင်းမွန်မှသာ လာရောက်နိုင်ရေး ကြိုတင်အသိပေးထားရှိရန်၊

(ခ) ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) နှင့် မျက်နှာအကာ (Face Shield) တို့ကို အချိန်ပြည့်စနစ်တကျတပ်ဆင်ရန်၊ (ရေစိုခြင်းဖြစ်ပါက ရောဂါပိုးဝင်ရောက်ခြင်းအား ကာကွယ်နိုင်မည် မဟုတ်ပါ၍ တတ်နိုင်သမျှ ရေမစိုစေရန်နှင့် ရေစိုပါက ချက်ချင်းလဲလှယ်ရန် လိုအပ်ပါသည်။)

(ဂ) ရေကစားရာတွင် အနီးကပ်ကစားခြင်းမပြုရန်၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေ၍ ရေကစားရန်၊ အတတ်နိုင်ဆုံး သတ်မှတ်နေရာများတွင်နေ၍ ရေကစားခြင်းအား ဆောင်ရွက်ရန်၊

(ဃ) ရေနှင့်ဆပ်ပြာ သို့မဟုတ် အယ်လ်ကိုဟော (၆၀%) ပါဝင်သော လက်သန့်စင်ဆေးရည် (Hand Sanitizer/Gel) များနှင့် မကြာခဏ လက်သန့်စင်ဆေးကြောရန်။

**ရေပက်ခံသူများ လိုက်နာရန်**

၄။ (က) ရေပက်ခံသူများအားလုံးသည် ဖျားခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့/အရသာ ပျောက်ဆုံးခြင်း စသည့် COVID-19 ရောဂါ သံသယလက္ခဏာများမရှိဘဲ ကျန်းမာရေးအခြေအနေ ကောင်းမွန်မှသာ ရေပက်ခံထွက်ရန်၊

(ခ) နေအိမ်ပြင်ပသို့ ထွက်ခွာပါက ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) နှင့် မျက်နှာအကာ (Face Shield) အား တွဲဖက်၍ မဖြစ်မနေ တပ်ဆင်ရန်၊ Surgical Mask ရေစိုပါက အသစ်လဲလှယ်တပ်ဆင်ရန်၊ Surgical Mask တပ်ဆင်ထားရန် ခက်ခဲသောအခြေအနေ (အထူးသဖြင့် ရေကစားချိန်) တွင် မျက်နှာအကာ (Face Shield) အား မဖြစ်မနေ စနစ်တကျ တပ်ဆင်ထားရန်၊ (ရေစိုခြင်းဖြစ်ပါက ရောဂါပိုးဝင်ရောက်ခြင်းအား ကာကွယ်နိုင်မည်မဟုတ်ပါ။)

(ဂ) လမ်းလျှောက်သကြင်္ကန်လည်ပတ်သူများနှင့် ရေကစားသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊

(ဃ) မြန်မာ့ရိုးရာသင်္ကြန်ကာလအတွင်း ရေပက်ခံကားများဖြင့် လှည့်လည်သွားလာပါက အတူနေ မိသားစုဝင်များသာ လိုက်ပါစီးနင်းရန်နှင့် အခြားသူများအား လိုက်ပါစီးနင်းလည်ပတ်ခြင်း မပြုရန်၊

(င) ရေနှင့်ဆပ်ပြာ သို့မဟုတ် အယ်လ်ကိုဟော (၆၀%) ပါဝင်သော လက်သန့်စင်ဆေးရည် (Hand Sanitizer/Gel) များနှင့် မကြာခဏလက်သန့်စင်ဆေးကြောရန်။

မှတ်ချက်။ **မြန်မာ့ရိုးရာသင်္ကြန်ကာလအတွင်း ပါဝင်ဆင်နွှဲခဲ့သော ပြည်သူများအနေဖြင့် (၂) ပတ် အတွင်း COVID-19 ရောဂါသံသယလက္ခဏာများ ဖြစ်ပေါ်ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်း ဆက်သွယ်ဆောင်ရွက်ရန်လိုအပ်ပါသည်။**

၅။ အထက်ဖော်ပြပါ လိုက်နာရန်အချက်များနှင့်စပ်လျဉ်း၍ လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေ များအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက် (၂၀၂၁ ခုနှစ်၊ မေလ ၂၈ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၁ ရက်စွဲပါ စာအမှတ်၊ ၁၈၄/တမ–၂/၈၀/၂/၂၀၂၁ နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ စာအမှတ်၊ ၀၄၇/၁–နစရ/ ဝကရ (၅၅၇) တို့အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၅) ဦးအား ဦးစီးအရာရှိရာထူး လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) သို့ အလုပ်တာဝန် ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယှဉ်တွဲဖော်ပြပါဒေသများသို့ ပြောင်းရွှေ့ တာဝန်ချထားလိုက်သည်–

| စဉ် | အမည်၊ လက်ရှိဌာန၊ ဒေသ | တာဝန်ချထားမည့်ဌာန၊ ဒေသ |
|---|---|---|
| ၁။ | ဦးဝင်းမင်းသန်း<br>ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ) | ထောက်ပံ့၊ ဆက်သွယ်ရေးနှင့် မော်တော်ယာဉ်ဌာနခွဲ (ရုံးချုပ်) |
| ၂။ | ဦးရန်အောင်ကျော်မျိုး<br>ကွတ်ခိုင်မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး | လွိုင်လင်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၃။ | ဦးအောင်မြင့်ထွန်း<br>မှတ်တမ်းနှင့်ကွန်ပျူတာဌာနခွဲ (ရုံးချုပ်) | ကျောက်ဖြူခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၄။ | ဦးဇော်ဝင်းမောင်<br>တနသ်ာရီမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး | ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ) |
| ၅။ | ဦးလှမိုးကြိုင်<br>မတူပီမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး | ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |

## အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၁)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၁ ရက်စွဲပါ စာအမှတ်၊ ၁၈၃/တမ-၂/၈၀/၂/၂၀၂၁ နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ စာအမှတ်၊ ၀၄၇/၁-နစရ/ ဝကရ (၅၅၉) တို့အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဇော်မင်းထိုက် အား လက်ထောက်အင်ဂျင်နီယာ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

စိုင်းထွန်းညို<br>
ညွှန်ကြားရေးမှူးချုပ်<br>
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်)

အမှတ် ၈။ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၁ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာစက်မှုဇုန် (၃)၊ ဆိပ်ကမ်းသာလမ်း၊ မြေကွက်အမှတ် (၆၊ ၁၆၁၊ ၁၆၄၊ ၁၆၆-ဘီ) တွင် တည်ဆောက်ထားသော Shwe Me Logistics Services Co., Ltd ၏ Shwe Me Terminal အား အပြည်ပြည်ဆိုင်ရာ အထွေထွေကုန်စည်များ ကုန်တင်/ကုန်ချပြုလုပ်ရန် အတွက် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့အထိ (၃) လ ယာယီ အပြည်ပြည်ဆိုင်ရာ အထွေထွေကုန်စည် ဆိပ်ကမ်းတံတားအဖြစ် သတ်မှတ်လိုက်သည်။

ကျော်ထင်<br>
ညွှန်ကြားရေးမှူးချုပ်<br>
အကောက်ခွန်ဦးစီးဌာန

## ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၁)

ရန်ကုန်မြို့၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

ဖွဲ့စည်းမှတ်ပုံတင်ထားသော ကုမ္ပဏီများအနက် Myanmar Companies Online (MyCO) တွင် နှစ်စဉ်အစီရင်ခံစာ (Annual Return) တင်ပြရန် ပျက်ကွက်ခဲ့သော ဖော်ပြပါ ကုမ္ပဏီ ၁ ခု အား မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ပုဒ်မ ၄၃၀ (စ) အရ ဆိုင်းငံ့စာရင်း (Suspended) စတင်ဖော်ပြခံရသည့်နေ့မှ ၆ လအတွင်း တင်ပြရန် ပျက်ကွက်ခဲ့သော ကုမ္ပဏီများအား System မှ Company Status တွင် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း (Struck Off) အဖြစ် **ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ ကုမ္ပဏီမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်လိုက်သည်။**

| စဉ် | ကုမ္ပဏီအမည် | မှတ်ပုံတင်အမှတ်/ရက်စွဲ |
|---|---|---|
| ၁ | OPENGATE COMPANY LIMITED | 102138783 (28/08/2018) |

သန့်စင်လွင်<br>
ညွှန်ကြားရေးမှူးချုပ်<br>
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

မှတ်ပုံတင်အမှတ်-၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက် (၂၀၂၁ ခုနှစ်၊ မေလ ၂၈ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### ဘောဂဂုဏ် ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်

### (BAWGA GONE SERVICES COMPANY LIMITED)

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ဘောဂဂုဏ် ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၄.၅.၂၀၂၁) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော်ဝင်း (B.Sc, H.G.P, R.L) အမှတ် (၅၀/ပထပ်)၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ထားပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂၈.၆.၂၀၂၁) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြော်ငြာလိုပါသည်။

ဦးသိန်းထူး
ဒါရိုက်တာ
Bawga Gone Services Company Limited
ဒါရိုက်တာအဖွဲ့ကိုယ်စား

ဦးကျော်ဝင်း
B.Sc, H.G.P, R.L
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း ၀၉ ၄၄၃၁၁၂၈၇၃

### PARAMI GAS DISTRIBUTION COMPANY LTD

အစုရှင်များ၏ ဆန္ဒအရ ပုဂ္ဂလိကပိုင်ကုမ္ပဏီမှ အများပိုင်ကုမ္ပဏီသို့ ပြောင်းလဲခြင်း

၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစုရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **PARAMI GAS DISTRIBUTION COMPANY LTD** အား ပုဂ္ဂလိကပိုင်ကုမ္ပဏီမှ အများပိုင်ကုမ္ပဏီသို့ ပြောင်းလဲလိုက်ပါကြောင်း ကြေငြာအပ်ပါသည်။

ဒေါ်မေဇွန်ဦး
Director
PARAMI GAS DISTRIBUTION COMPANY LTD

## BAWGA GONE COMPANY LIMITED

## နောက်ဆုံးအကြိမ် အစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

အစည်းအဝေးကျင်းပသည့်နေ့ ။ ။ ၂၈.၆.၂၀၂၁

အစည်းအဝေးကျင်းပသည့်အချိန် ။ ။ နေ့လယ် (၁:၃၀) နာရီ

အစည်းအဝေးကျင်းပသည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်းလိပ်စာ

ဦးကျော်ဝင်း<br>
B.Sc, H.G.P, R.L<br>
NBN 018181<br>
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## အောင်ကြာပွင့် ကုမ္ပဏီလီမိတက်

## (AUNG KYAR PWINT COMPANY LIMITED)

## ကုမ္ပဏီစာရင်းအပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်

## နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇ (က) အရ ကုမ္ပဏီ၏ စာရင်းများကို အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့ နံနက် (၁၀:၀၀) တွင် ကျင်းပမည်ဖြစ်ရာ အစုရှယ်ယာရှင်အနေဖြင့် အမှတ် (၉၃၆)၊ ရွှေနှင်းဆီ (၂) လမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာ ရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

U Papo Ganesan<br>
B.A (English) R.L<br>
Advocate (Registration No. 4647)<br>
Khin Su Htay & Associates<br>
Legal and Tax Consultants Ltd<br>
Liquidator

ပ၊ ထ၊ န - အမှတ် ၅၅၈/ ၂၀/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၂၀၄၅/ ၂၈-၅-၂၀၂၁။